www.dhammaransi.com

# ရန်ကုန်မြို့ ဗိုလ်တထောင် ဆံတော်ဦး စေတီတော်

သမိုင်း အကျဉ်း








သူ ဆရာတော် ဦးပညာသာမိ

ရေကျော် [illegible]

www.dhammaransi.com

ဘုံပျံဆရာတော်-ဦးပညာသာမိ
ရေးသားစီစဉ်အပ်သော

# မိုလ်တထောင်ဆံတော်ဦးစေတီတော်

# သမိုင်းအကျဉ်း

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

၁၃၃၄-ခု၊ ၁၉၇၂-ခု၊

www.dhammaransi.com

ထုတ်ဝေသူ။ ။ဝဏ္ဏကျော်ထင် ဦးလူခန့်၊ ဗိုလ်တထောင် ကျိုက်ဒေး
အပ်ဆံတော်ဦးစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့၊မှတ်ပုံတင်
ကင်းလွတ်ခွင့် ၀၁၆၄၉။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် ၅၃၀၁။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၇၉)က ပုံနှိပ်သည်။

www.dhammaransi.com

# ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း

## မာတိကာ

---


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဗိုလ်တထောင်စေတီတော်သမိုင်း ဖြစ်ပေါ်လာပုံ | | .... | ၁ |
| နိဒါန်း | .... .... | .... | ၁ |
| ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း | | .... | ၃ |
| ပဌမဆံတော် | .... .... | .... | ၃ |
| တပုဿ ဘလ္လိက မွေးဖွားခြင်း | .... .... | .... | ၃ |
| တပေါဒ္ဓမည်ရခြင်း | .... | .... | ၄ |
| တပုဿ ဘလ္လိက ကုန်ရောင်းသွားကြခြင်း | | .... | ၄ |
| သရဏဂုံ ၂-ပါး ဆောက်တည်ကြခြင်း | | .... | ၅ |
| ဆံတော်ပေးသနားတော်မူခြင်း | .... | .... | ၆ |
| မြန်မာပြည်သို့ ပြန်လာကြခြင်း | .... | .... | ၇ |
| အစဉ်အလာ ကုန်သည်လမ်းဖြစ်ပုံ | | .... | ၇ |
| ဇေဌဒီပကျွန်း | .... .... | .... | ၈ |
| ဆံတော် ၂-ဆူ ကောက်ယူခြင်း | .... | .... | ၉ |
| ဆံတော်စေတီတည်ခြင်း | .... | .... | ၉ |
| ဆံတော်စေတီနာနာဝါဒ | .... | .... | ၁၀ |
| ကျွန်း၏ ယခုအခြေအနေ | .... | .... | ၁၁ |
| တောင်၏ အခြေအနေ | .... | .... | ၁၁ |

www.dhammaransi.com

# [ ၁ ] ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ခြေတော်ရာနှင့် သိမ်စရပ်များ | .... | .... | ၁၂ |
| ပုသိမ်မော်တင်စွန်းသို့ ဆိုက်ရောက်ခြင်း | | .... | ၁၂ |
| ဆံတော် ၂-ဆူ ခိုးယူပြန်ခြင်း | .... | .... | ၁၃ |
| မဟာမင်္ဂလာ စေတီတည်ခြင်း | .... | .... | ၁၄ |
| ဆံတော်ကို ဆက်လက်ပင့်ဆောင်ခြင်း | | .... | ၁၅ |
| တံ့တေးသို့ ဆိုက်ရောက်တော်မူခြင်း | | .... | ၁၅ |
| တံ့တေးနှင့် တွန်တေး | .... | .... | ၁၆ |
| ဆံတော်ကိုးစေတီ ၉-ဆူ | .... | .... | ၁၆ |
| ဒေတနော်စေတီတော် | .... | .... | ၁၇ |
| အင်းဂလုံစေတီတော် | .... | .... | ၁၈ |
| ဆပုဂံစေတီတော် | .... | .... | ၁၈ |
| ကျိုက်တဂိုးနွတ်စေတီတော် | .... | .... | ၁၈ |
| ကျိုက်တဂိုးတွတ်စေတီတော် | .... | .... | ၁၉ |
| လှုပတီလက်ခိုက်စေတီတော် | .... | .... | ၁၉ |
| ကျိုက်ကော့မှူးစေတီဘော် | .... | .... | ၁၉ |
| ဖလကြီးစေတီတော် | .... | .... | ၂၀ |
| ရွှေဆံဘော်စေတီတော် | .... | .... | ၂၀ |
| ဆံတော်ကိန်းဝပ်ရာဌာန | .... | .... | ၂၁ |
| အခြားစေတီတော်များ | .... | .... | ၂၁ |
| ဒဂုံသို့ ဆံတော် ဆိုက်ရောက်ခြင်း | .... | .... | ၂၂ |
| ဆံတော် ၈-ဆူ မလျော့ခြင်း | .... | .... | ၂၂ |
| ဆံတော် ၁-ဆူစီ ရကြပုံ | .... | .... | ၂၃ |
| တပုဿ စေတီရာ သတ်မှတ်ခြင်း | .... | .... | ၂၃ |

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ

ဘလ္လိက စေတီရာ သတ်မှတ်ခြင်း ....
ကျိုက်ပါစေတီတော် ၂-ဆူ ....
မဟာပိန္နဲခေါ်တွင်ကြပုံ ....
ဒွတ္တဘောင်မင်း ဆံတော်ပင့်ခြင်း ....
ပြည်ဆံတော် မြသီတင်ဘုရား ....
မဟာပိန္နဲသည် ရှေးအမည် ....
မဟာပိန္နဲ အစစ်အမှန် ....
ဖြစ်တော်စဉ်အမှန် ....
ဗိုလ်တထောင်ဘုရားတည် ခုနှစ် ....
ဒုတိယဆံတော် .... ....
ကိတ္တိမသား မွေးစားခြင်း ....
ဥဘွားမင်းသား ၂-ပါး ....
တဦးကွယ်လွန်၍ တဦးမင်းဖြစ်ခြင်း
အရှင်ဂဝံပတိ သထုံကြွလာတော်မူခြင်း
ဘုရားရှင်အား ပင့်ပေးရန် တောင်းပန်ခြင်း
မြတ်စွာဘုရား ကြွလာတော်မူခြင်း
ကျွတ်တမ်းဝင်ကြပုံ ....
ရသေ့ ၆-ဦးတို့အား ဆံတော် ၁-ဆူစီ
ပေးတော်မူခြင်း ....
ရသေ့ကြီး ၆-ဦး .... ....
မင်းကြီးအား ဆံတော်ပေးတော်မမူသေးပုံ
အခြားပုဂ္ဂိုလ်များလည်း ဆံတော်ရကြပုံ
မင်းကြီးအား ဆံတော် ၂-ဆူ ပေးတော်မူခြင်း

www.dhammaransi.com

# [ ဃ ] ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျောက်စာနှင့် ညှိခြင်း .... .... | ၄၁ |
| ဗိုလ်တထောင်စေတီ ဒုတိယဆံတော် .... | ၄၂ |
| တတိယဆံတော် .... .... .... | ၄၃ |
| သီဟိုဠ်၌ ရေဘေးသင့်ခြင်း .... .... | ၄၃ |
| ဝေပုလ္လပတ္တမြား ရတနာ .... .... | ၄၄ |
| မဏိဒီပ သံလျင်ကျွန်းသို့ ညွှန်ကြားခြင်း .... | ၄၅ |
| ဆံတော် ဓာတ်တော် ပေးအပ်ခြင်း .... | ၄၆ |
| ရဟန္တာများ သံလျင်သို့ သာသနာပြုကြွခြင်း .... | ၄၆ |
| စေတီတော် ၁၁-ဆူ .... .... | ၄၇ |
| ဗိုလ်တထောင်စေတီတော် .... .... | ၄၈ |
| ညွှန်ကြားချက် .... .... .... | ၅၀ |

www.dhammaransi.com

## ဗိုလ်တထောင်စေတီတော်သမိုင်း ဖြစ်ပေါ်လာပုံ

# နိဒါန်း အကျဉ်းချုပ်

ဤဗိုလ်တထောင်စေတီတော်သည် ကမ္ဘာကျော် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မရှေးမနှောင်း တပြိုင်နက် စတင်တည်ရှိတော်မူသော စေတီတော်မြတ် ဖြစ်သော်လည်း ဗိုလ်တထောင်သမိုင်း လက်ရေးမူ အကျဉ်း မှတ်တမ်းအပိုင်းအစ အနအ အတိုအထွာများမှတပါး ဗိုလ်တထောင်သမိုင်းဟု မယ်မယ်ရရ ထယ်ထယ်ဝါဝါ မရှိသေးသဖြင့် တိကျခိုင်မာသော သမိုင်းတစောင် ဖြစ်မြောက်ရန် ဩဝါဒါစရိယ ဆရာတော်များနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် လူကြီးများ တိုင်ပင်ကြပြီးလျှင် ဩဝါဒါစရိယအဖွဲ့ဝင် တပါး ဖြစ်သော ဘုံပျံဆရာတော်အား ရေးသားရန် တောင်းပန်လျှောက်ထားကြရာ ဘုံပျံဆရာတော်က လက်ခံပြီးလျှင် ရာဇဝင်-သမိုင်း-မှတ်တမ်း-စာစောင် တရာကျော်တို့မှ ထုတ်နုတ် ရေးသားပြီး ပေးသနားတော်မူပါသည်။

ဤသို့ ဆရာတော်ဘုရား ရေးသားရာ၌ ကြိုက်နှစ်သက်ရာကို ပုံနှိပ်နိုင်ရန် ဗိုလ်တထောင်စေတီတော်၏ အကြောင်းအရာ သက်သက်မျှကိုသာဖော်ပြထားသော ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း ဟူ၍ရင်း၊ ဗိုလ်တထောင်

www.dhammaransi.com

## ၂ ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း

စေတီတော်နှင့် ပတ်သက်သမျှ အကြောင်း အရာ တို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသော ဗိုလ်တထောင် စေတီ မဟာသမိုင်းတော်ကြီး ဟူ၍ရှင်း နှစ်မျိုး နှစ်စား စာမူ များကို ရေးသားချီးမြှင့်တော်မူရာ အကျဉ်းသုံး အကျယ် သုံး ပုဂ္ဂိုလ်များအတွက် နှစ်မျိုးလုံးကိုပင် ပုံနှိပ်ရန် ဂေါပက အဖွဲ့က သဘောတူညီပါသဖြင့် ဤ သမိုင်းအကျဉ်းကို ပဌမစတင် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါကြောင်း။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ
ရန်ကုန်မြို့။

www.dhammaransi.com

# ဗိုလ်တထောင် စေတီတော်

## သမိုင်းအကျဉ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဌမဆံတော်

သံသေသု(သံသေဒဇ) မွန်အခေါ်"မယ်ကမု" မြန်မာ အခေါ် "မယ်လမု"၏သား ဥက္ကလာပမင်းကြီးလက်ထက် ဥက္ကလာပမြို့၏တောင်ဘက် ယခု တွံတေးမြို့၏ အရှေ့ဘက်ရှိ ပေါက္ခရဝတီခေါ် အသိတဉ္စနမြို့၊ ရှေးအခေါ် ကော့ကျွန်း၊ ယခု "ခပင့်ရွာ"၌ အလှူရိုးသား တည်ကြည်သော လူ အများတို့၏ ရိုသေလေးစားခြင်းကို ခံရသည့် "သကာလဲ၊ သတာပန်"အမည်ရှိကုန်သော လှည်းကုန်သည် ဇနီး မောင် နှံတို့သည် နေထိုင်ကြကုန်၏၊ ထိုဇနီးမောင်နှံတို့မှာ သား သမီးများ မထွန်းကားသဖြင့် သားသမီးရရှိရန် မွန်တို့ဓလေ့ ထုံးစံအတိုင်း ခိုင့်ကျက်တို့ကို အစဉ်ဌာန်၍ လှုတ်ကြကုန်၏။

### တပုမွေးဖွားခြင်း

ဤသို့ လှုတ်ပြီးနောက် မကြာမီ သားတယောက် ထွန်း ကားပေါ်ပေါက်၍ လာရာ ခိုင့်ကျက်လှုတ်ခြင်းကို အစွဲပြု၍

www.dhammaransi.com



မွန်ဘာသာအခေါ်အားဖြင့် "တပု"ဟု အမည်မှည့်ကြကုန်၏၊ ၎င်းတပု လမ်းလျှောက်နိုင်သောအခါ ဒုတိယ သားရတနာကို ဖွားမြင်လာပြန်၏၊ ဤသို့ သားရတနာများကို ဆက်ကာ ဆက်ကာ ဖွားမြင်လာသောအခါ မြို့သူ မြို့သား နယ်သူ နယ်သားတို့က အားပါးတရ ရွှေ ငွေ စသော လက်ဆောင်ဥစ္စာ ရတနာတို့ကို ဝိုင်းဝန်းပို့ဆောင်ကြခြင်း၊ ၎င်းတို့၏ စီးပွါးရေး အကြံအစည် အောင်မြင်ဖွံ့ဖြိုးလာခြင်းတို့ကြောင့် အလွန် ကြွယ်ဝချမ်းသာသော ဇနီးမောင်နှံတို့ ဖြစ်လာကြလေတော့၏။

## တပေါ်အမည်ရခြင်း

ဤသို့ ကြွယ်ဝ ချမ်းသာလာခြင်းကို အစွဲပြု၍ ဒုတိယ သားကို မွန်အခေါ်အားဖြင့် "တပေါ်"ဟု အမည်မှည့်ခေါ်ကြကုန်၏၊ ဘခင် သကာလဲကိုကား ရွှေပေါ်များသည့် အတွက် ပါဠိဘာသာအားဖြင့် "သုဝဏ္ဏသေဋ္ဌိ"သုဝဏ္ဏသူဌေး ဟူ၍၎င်း၊ ကျက်သရေရှိသော အသုံးအဆောင် ပေါ်များသည့်အတွက် "သိရိဘောဂသူဌေး"ဟူ၍၎င်း အမည်တပ်၍ခေါ်စမှတ်ပြုကြကုန်၏။

## တပုဿ-ဘလ္လိက ကုန်ရောင်းသွားကြခြင်း

သုဝဏ္ဏသူဌေးကြီး ဇနီးမောင်နှံတို့၏ သား မွန်အခေါ် "တပု-တပေါ်" ပါဠိအခေါ် "တပုဿ-ဘလ္လိက"ညီနောင်တို့

www.dhammaransi.com



သည် အသပြာတပြည် ဆန်တကုချ်၊ ဆန်တပြည် အသပြာ တကုချ်နှင့် လဲထပ်ရသည်ဟု သတင်းကြားသဖြင့် (တလက် ခုပ်ကို တကုချ် ခေါ်၏) ဆန်စသော ကုန်ပစ္စည်းများကို တင်ဆောင်၍ သင်္ဘောဖြင့် မဇ္ဈိမဒေသသို့ ကုန် အရောင်း အဝယ်သွားကြရာ ရှေးအခေါ် "ဗန္ဓုဝ" ယခုအခေါ် "ဘော် ရဝင် သင်းဘောဆိပ်" သို့ ရောက်ကြကုန်၏။

## သရဏဂုံ ၂-ပါး ဆောက်တည်ကြခြင်း

ရောက်လျှင် သင်္ဘောပေါ်၌ ပါလာသော ကုန်ပစ္စည်း များကို အငှါးလှည်းပေါင်း (၅၀၀)ဖြင့် တင်ဆောင်ကြပြန် ၍ ထိုထိုအရပ်ဒေသတို့သို့ လှည့်လည်ရောင်းချနေစဉ် ဗောဓိ ပင်အနီးသို့ ရောက်သောအခါ လွန်ခဲ့သော ငါးဘဝက အမိ တော်ခဲ့ဘူးသော ဘုမ္မစိုး နတ်သမီးက—

"မြတ်စွာဘုရားသခင်သည် ရာဇာယတနလင်းလွန်းပင် အောက်၌ သီတင်းသုံး နေတော်မူကြောင်း၊ ထိုမြတ်စွာ ဘုရား ထံတော်မှောက်သို့ သွားရောက် ဖူးမြော် သင့် ကြောင်း"—

စသည်များကို ပြောကြား တိုက်တွန်းလေ၏၊ ထိုအခါ တပုဿ-ဘလ္လိက ကုန်သည် ညီနောင်တို့လည်း သတ္တာဟ ၇ခု (၄၉)ရက် စံနေတော်မူပြီးသည့်အဆုံး လင်းလွန်းပင် အောက်၌ သီတင်းသုံး ထိုင်နေတော်မူသော မြတ်စွာဘုရား

www.dhammaransi.com



ထံတော်မှောက်သို့ မဟာသက္ကရာဇ် (၁၀၃)ခု ဝါဆိုလဆန်း (၅)ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်ဖူးမြော်ကြပြီးလျှင် မိမိတို့၌ ပါလာသော—

၁။ ထောပတ်၊ ပျား၊ တင်လဲ စသည်တို့နှင့် ယှဉ်တွဲဖွဲ့ဆုပ်ထားအပ်သော ပျားမုံ့ဆုပ်နှင့်—

၂။ ထိုသို့ မဖွဲ့မဆုပ်ရသေးဘဲ အသီးအခြား မာမာသွေ့သွေ့ ထုထောင်းပြုလုပ်ထားသောမုံ့ကြွက်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် သံဃာဟူ၍ မဖြစ်ထွန်း မရှိသေးသဖြင့်—

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဟု (၂)ကြိမ် (၂)ခါသာ ဆိုရသော ဒွေဝါစိက သရဏဂုံ (၂)ပါးနှင့် ပဉ္စသီလများကိုသာ ဆောက်တည်ကြရကုန်၏။

## ဆံတော်ပေးသနားတော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ်ကလည်း နောင် အနာဂတ်သာသနာ မြန်မာပြည်၌ ရှည်မြင့်စွာ တည်တံ့မည်ကို မြင်တော်မူ၍ (၁၀၃)ခု ဝါဆိုလဆန်း (၅)ရက် ဗုဒ္ဓဟူးနေ့တွင် ဦးခေါင်းတော်ကို ညာဘက်လက်တော်ဖြင့် ဆန့်တန်းသုံးသပ်တော်မူ၍ ပါလာသော ဆံတော် (၈)ဆူကို ဆုပ်ကိုင်

www.dhammaransi.com



တော်မူလျက် တပုဿ-ဘလ္လိက ညီနောင်တို့အား ဆံတော် တဆုပ်ကို ပေးသနားတော်မူလိုက်၏။ ညီနောင်တို့လည်း ဝိသကြုံ ဖန်ဆင်းပေးသော နဝရတ်စီ ရွှေခွက်ဖြင့် ခံယူကြ ကုန်၏။

## မြန်မာပြည်သို့ ပြန်လာကြခြင်း

တပုဿ-ဘလ္လိက ညီနောင်တို့လည်း ဝမ်းသာအားရစွာ ဖြင့် ပေးအပ်တော်မူလိုက်သော ဆံတော် (၈)ဆူကို ပင့်ယူ ကြ၍ ဗောဓိပင်မှ ယခု မိုင်(၂၀၀)ခန့် အကွာရှိ ဗန္ဓုဝမြို့၊ ၎င်းမှ (၁၂)မိုင်ခန့်အကွာရှိ ဗန္ဓုဝဆိပ်သို့ လှည်းဖြင့် ပြန် လာကြ၍၊ တဖန် ၎င်းမှ သင်္ဘောဖြင့် ဒမိုးဒါးမြစ်, ဟူဂလီ မြစ်အတိုင်းစုန်ဆင်းကြပြီးလျှင် သမုဒ္ဒရာသို့ထွက်၍ သင်္ဘော လွှင့်ကြရာ ရှေးအခေါ် "ဇေဋ္ဌဒီပကျွန်း" ယခုအခေါ် "ဖရို ကာကျွန်း" အဇ္ဈိတ္တနဂရမြို့ အကောက်ဆိပ်သို့ ဆိုက်ရောက် ကြလေ၏။ (ဤကား ဆူးလေသမိုင်း လက်ရေးမူ)

## အစဉ်အလာ ကုန်သည်လမ်း ဖြစ်ပုံ

ဘုရားရှင် ပွင့်တော်မမူမီ နှစ်ပေါင်းများစွာကပင် အိန္ဒိယ တိုင်းသား ဟိန္ဒူအနွယ် ကလယ် မွန်လူမျိုး သင်္ဘော ကုန်သည်တို့သည် ၎င်းလမ်းအတိုင်း ကစ္ဆပနဒီမြစ်ဝ ပင် လယ်ပြင်၊ မော်တင်စွန်း၊ သိဂ္ဂုတ္တရ အငူကို လှည့်ပြီး ယခု အခေါ် ဘီလူးကျွန်း၊ ရှေးအခေါ် "ခလယ်တို့" (ခလယ်= ကလယ်ကုလား၊တို့=ဆိုက်ကပ်သည်) ကုလားကပ်ကျွန်း ဟု

www.dhammaransi.com



အမိပ့ပ်ါယ်ရသော ဆိပ်ကမ်းအထိ သွားလာရောင်းဝယ် နေကြပုံကို သုံးတိုင်း ရာဇဝင်ချုပ်(၁၂၉)၌ ဖော်ပြထား၏။

## ဇေဋ္ဌဒီပကျွန်း

ဇေဋ္ဌဒီပကျွန်းသည်ကား ရှေးအခေါ် "ကစ္ဆပနဒီမြစ်" ယခုအခေါ် "ကုလားတန်မြစ်"ဝ အလွန် စစ်တွေမြို့၏ အရှေ့တောင်ထောင့် (၁၀)မိုင်ခန့် အကွာ ပင်လယ်ထဲတွင် ရှိသော "ဖရုံကာ"ကျွန်းစု (၃)ခု အနက်—

၁။ အရှေ့ဘက်ဆုံးကျွန်းကို အင်ကရားချိုင်ကျွန်း၊

၂။ အလယ်ကျွန်းကို ပိန္နဲချောင်းကျွန်း၊

၃။ အနောက်ဘက်ဆုံးကျွန်းကို ရှေးအခါက—

၁။ ဇေဋ္ဌဒီပကျွန်းဟူ၍၎င်း၊

၂။ ဖရုကစ္ဆကျွန်း(ဗရုကစ္ဆကျွန်း)ဟူ၍၎င်း၊

၃။ ဖရုံကာကျွန်း ဟူ၍၎င်း—

ခေါ်ဆိုကြရာမှ ယခုအခါ ၎င်းအနောက်ဘက်ဆုံးကျွန်းကို—

၁။ ဖရုံကာကျွန်း ဟူ၍၎င်း၊

၂။ မြေငူကျွန်း ဟူ၍၎င်း၊

၃။ ကျားကျွန်း ဟူ၍၎င်း၊

ခေါ်ဆိုနေကြကုန်၏၊ ၎င်းအနောက်ဘက်ဆုံး ကျွန်းပင် ဇေဋ္ဌဒီပကျွန်း ဖြစ်၏။

www.dhammaransi.com



## ဆံတော် ၂-ဆူ ကောက်ယူခြင်း

ငင်းကျွန်းရှိ အဇ္ဈတ္တနဂရအကောက်ဆိပ်သို့ ရောက်သောအခါ ဆံတော်ဓာတ် ပါလာကြောင်း ကြားသိကြသဖြင့် အဇ္ဈတ္တနဂရ အကောက်မင်းကြီးနှင့်တကွ ကျွန်းသူ ကျွန်းသားတို့ လာရောက် ဖူးမြော်ကြရာ ဖူး၍ မဝနိုင်လောက်အောင် ရောင်ခြည်တော် ကွန့်မြူး၍နေသော ဆံတော်ဓာတ်တို့ကို အလွန်ကြည်ညိုလှသဖြင့် အဇ္ဈတ္တနဂရအကောက်မင်းကြီးက (၁၀၃)ခုနှစ်တွင် ဆံတော်(၂)ဆူကို အကောက်တော်အနေဖြင့် အတင်းပင့်ယူပြီးလျှင် နှစ်ပေါင်း(၂၀)ခန့် ကိုးကွယ်ပူဇော်နေလေ၏။

## ဆံတော်စေတီ တည်ခြင်း

ဤသို့ နှစ်ပေါင်း(၂၀)ခန့် ကိုးကွယ်ပူဇော်ပြီးနောက်၊ (၁၂၃)ခုနှစ်သို့ ရောက်သောအခါ ဓညဝတီပြည့်ရှင်ဘုရင် "စန္ဒသူရိယ"မင်းကြီးအား ဆက်သလေ၏၊ မင်းကြီးသည်လည်း အလွန်ဝမ်းမြောက်တော်မူလှ၍ ကိုယ်တိုင် စေတီတည်လိုပါသော်လည်း မဟာမုနိရုပ်ရှင်တော် သွန်းလောင်းရမည့်ကိစ္စ တာဝန်က အလွန် ကြီးလေးနေသောကြောင့် မင်းကြီးကိုယ်တိုင် ကြပ်မတ်မတည်နိုင်ဘဲ ဆံတော်ဓာတ်ကောက်ယူရရှိသည့် ထူးမြတ်သောနေရာကို အမှတ်တရ ဖြစ်စိမ့်သောငှါရင်း၊ မိစ္ဆာပါပ လူ့ဗာလတို့၏ ဖျက်ဆီးမည့်

www.dhammaransi.com



အန္တရာယ်ဘေးမှ ကင်းဝေးစိမ့်သောငှါငင်း ပင်လယ်ထဲတွင် ရှိသော ၎င်းဇေဋ္ဌဒီပကျွန်း၏ အနောက်တောင်ဘက်စွန်းရှိ "တိကာ"ဟူ၍၎င်း၊ "နီလာ"ဟူ၍၎င်း၊ "မဏိကေသာ"ဟူ၍ ၎င်း အမည်ရသော တောင်ကုန်းပေါ်၌ စေတီတည်၍ ၎ ပနာရန် ၎င်း(၁၂၃)ခုနှစ်၌ပင် ပညာရှိသုခမိန် မင်းတုန်း မြို့စား "ဝိမလ"အမတ်ကြီးအား တာဝန်ပေးအပ် တည်စေ တော်မူ၏။ ၎င်းစေတီတော်သည် ယခုအခါ—

**ဆံတော်ရှင် စေတီ** ဟု အလွန် ထင်ပေါ် ကျော်ကြား လူသိများလျက် ရှိ၏၊ ဝိမလအမတ်ကြီးအားလည်း စေတီ တော်ကို စောင့်ရှောက်ရန် ဂေါပက အကြီးအကဲအဖြစ်ဖြင့် ၎င်းကျွန်းကို အပိုင်စား ပေးသနားတော်မူ၏။

(ရှေးအခေါ် "ခွါ" ယခုအခေါ်"အသည်" ပန်းသည် ဖြစ်သော ဘုရားကျွန်မျိုး မဟုတ်ပေ)။

## ဆံတော်စေတီနာနာဝါဒ

၎င်းဆံတော်ရှင် စေတီတော်ကို နတ် နဂါးတို့၏ တန်ခိုး အကူအညီဖြင့် ပြည်သူပြည်သားများတည်ထား၏ဟူ၍၎င်း၊ အဇ္ဈတ္တနဂရ အကောက်မင်းကြီးကိုယ်တိုင် တည်ထား၏ ဟူ ၍၎င်း အမျိုးမျိုး ပြောဆိုရေးသားကြကုန်သေး၏။

www.dhammaransi.com



## ကျွန်း၏ ယခုအခြေအနေ

ဇေဠဒီပကျွန်းသည် တောင်မြောက်တန်း၍ (၁၀)မိုင်ခန့် ရှည်လျားသော တောင်တန်း ဖြစ်၏၊ တောင်၏ အရှေ့ဘက် ခြေရင်း ပင်လယ်ကမ်းစပ် တလျှောက်၌ ချင်းလူမျိုး ခမီး လူမျိုးများ နေထိုင်ကြသော စိုးမစီရွာ၊ ညောင်ပင်ချဉ်ရွာ၊ စံဂါးမော်ရွာ စသော ရွာတို့ ရှိကြကုန်၏၊ တောင်၏ အနောက်ဘက် ခြေရင်း ပင်လယ်ကမ်းစပ်၌ ရခိုင်လူမျိုးများ နေထိုင်ကြသော ဂုဂ်းချောင်းရွာ၊ သစ်ခေါင်းတောရွာ၊ ဝလန်းရွာ၊ ကြီးပင်ရွာ၊ ငှမ်းပြင်ရွာ၊ ပျဉ်ပုတ်ရွာတို့ ရှိကြကုန်၏၊ ၎င်းရွာတို့မှ စေတီတော်အရောက် (၁)မိုင်ကျော် (၂)မိုင်ခန့် ခြေလျင်အတက်အဆင်း သွားရ၏၊ ဘုရား တောင် ခြေတော်ရင်းသို့ ရောက်သောအခါ တောရကျောင်း (၃)ကျောင်း ရှိ၏။ ဂေါစရဂါမ် ဝေးသဖြင့် စစ်တွေမြို့နှင့် အနီးအနား ရွာများမှ ပို့ထားသော ဆန်-ဆီ စသည်တို့ဖြင့် ကပ္ပိယများက ချက်ပြုတ် ကပ်ရ၏။

## တောင်၏ အခြေအနေ

တောင်ခြေမှ စေတီတော်အရောက် အမိုးမရှိ ကျောက် စောင်းတန်း လှေခါးကြီး ပြုလုပ်ထား၏၊ စေတီတော် ဉာဏ် တော်မှာ အတောင်(၅၀)ကျော် (၆၀)ခန့် ရှိ၏၊ နတ်တော် လဆန်း (၁၂)ရက်မှ လပြည့်ကျော် (၁)ရက်နေ့အထိ (၅)

www.dhammaransi.com



ရက်တိုင်တိုင် နှစ်စဉ် ပွဲတော် ကျင်းပ၏။ ရခိုင် တတိုင်းလုံး လိုလိုနှင့် အခြား မြို့ရွာ နယ်ပယ်များမှ သူတော်စင်တို့ လာရောက်ကြသဖြင့် သိန်းချီ စည်ကားသော ဘုရားပွဲတော်ကြီး ဖြစ်၏၊ တောတောင်အတိဖြစ်၍ ဘုရားပွဲပြီးလျှင် မည်သူမျှ မသွားကြတော့ပေ။

## ခြေတော်ရာနှင့် သိမ်စရပ်များ

စေတီတော်၏ တောင်ဘက် တမိုင်ခန့်အကွာ ပင်လယ်ရေစပ်၌ ခြေတော်ရာ တဆူ ရှိ၏၊ ခြေတော်ရာနှင့် မနီးမဝေး တောင်ခြေနားတွင် ရဟန္တာသိမ်ဟု ခေါ်ကြသော ရှေးဟောင်းသိမ်တလုံးနှင့် လည်ရစ်ပါသော သိမ်ကျောက်တိုင် အပိုင်းအစများရှိ၏၊ စေတီတော်ပတ်လည်တွင် စရပ်-တန်ဆောင်းများ ရှိ၏၊ စေတီတော်၏ မြောက်ဘက်နားတွင် ရှိသော "ပြိုင်းတောင်"ခေါ်သော တောင်ထိပ်၌ နဂါးပွက်အိုင်များရှိ၏၊ ၎င်းနဂါးပွက်အိုင်များကို အကြောင်းပြုပြီး၍ ဇေဋ္ဌဒီပကျွန်း အစွန်းကို "နဂရာဇ်မော်"ဟု အချို့က အယူ ရှိကြကုန်သေး၏။

## ပုသိမ်မော်တင်စွန်းသို့ ဆိုက်ရောက်ခြင်း

တပုဿ-ဘလ္လိက ကုန်သည် ညီနောင်တို့လည်း အဇ္ဈတ္တနဂရ အကောက်မင်းကြီး ကောက်ယူလိုက်သည်ကို မည်သို့မျှ မပြောမဆိုဝံ့ကြဘဲ ဆံတော်များကို သင်္ဘောဖြင့် ဆက်

www.dhammaransi.com



လက် ပင့်ဆောင်လာကြရာ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း(၁၁)ရက်နေ့တွင် "နဂရာဇ်မော်"အင္ဂူ (နဂရာသီ-နဂရေ အင္ဂူ-ပုသိမ်ရာဇဝင် ၆၅) (မော်ဒင်ရစ်-ကုန်းဘောင်ဆက် မဟာရာဇဝင် ဒု-၃)ယခုအခေါ် ပုသိမ် "မော်တင်စွန်း"သို့ ဆိုက်ရောက်ကြပြန်လေ၏။

(နဂရာဇ်မော်-ဟူရာ၌ နဂရာဇာ ဟူသော ပါဠိမှ ပျက်လာသော "နဂရာဇ်"နှင့် အစွန်းအင္ဂူဟု အဓိပ္ပါယ်ရှိသော 'မော်'ဟူသော ပေါရာဏကို တွဲစပ်ပြီး "နဂရာဇ်မော်"ဟု ခေါ်ဝေါ်သုံးစွဲထားခြင်း ဖြစ်၏။

ဤကား-ဖုန်းစက်မိမိုင်း၊ စိုးကြပ်တိုင်းသား၊ စတိုင်းကြီးတောင်၊ မော်ကျောက်ဆောင်လျှင်။

ဟူသော ရတနာဗိမာန် ကျောင်းတော် ကျောက်စာ မူလမျက်နှာ စာကြောင်း ရေ(၅၂)ကို ကိုးကား မိန့်ဆိုထားခြင်း ဖြစ်၏)။

## ဆံတော် ၂-ဆူ ခိုးယူပြန်ခြင်း

ဤသို့ မော်တင်စွန်းသို့ ဆိုက်ရောက်လေလျှင် နဂရာဇ်မော် အင္ဂူ၌ ရှိသော ဇေယျသေန နဂါးမင်းသည် (ဇယသေန-နလာဋဓာတုဝင်-၁၀၆) ဆံတော် (၂)ဆူကို ခိုးယူပြီးလျှင် ဘူမိရေ(ဘူမိန္ဓရ)နဂါးဗိမာန်တွင်း၌ ဝှက်ထား ကိုးကွယ်လေ၏။

www.dhammaransi.com



## မဟာမင်္ဂလာစေတီတည်ခြင်း

နောင်အခါ သီဟိုဠ်ကျွန်း မဟာဂါမကာကဝဏ္ဏတိဿ မင်းကြီး၏ လျှောက်ထား တောင်းပန်ချက်အရ အရိမိ တေယျ (အာရိမေတ္တေယျ) ဘုရား မယ်တော်လောင်း "ဝိဟာရဒေဝီ"မိဖုရားကြီး၏ မောင်တော် စူဠပိဏ္ဍပါတိက တိဿမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ရင်း ဆဠဘိညာ ရဟန္တာ ဖြစ်သော "အရှင် သိဝ မထေရ်" ဆံတော် ပင့်ရန် နဂါးပြည်သို့ ကြွရောက် တောင်းဆိုရာ "သင် ယူနိုင်လျှင် ယူလော့"ဟု ဆို၍ နဂါးမင်းက ဆံတော်ကြုတ်ကို ဝမ်းတွင်း သို့ မျိုချ ဝှက်ထားလေ၏၊ အရှင်သိဝမထေရ်လည်း သိမ်မွေ့ သော လက်ကိုဖန်ဆင်း၍ နဂါးမင်း၏ ဝမ်းတွင်းမှ ဆံတော် ကြုတ်ကို နှိုက်ယူပြီးလျှင် သီဟိုဠ်ကျွန်း ကာကဝဏ္ဏတိဿ မင်းကြီးအား ပေးအပ်လေ၏၊ မင်းကြီးလည်း သီဟိုဠ်ကျွန်း "သေရု"အိုင်ကြီး၏အနီး၌ "မဟာမင်္ဂလာ စေတီတော်"ဟူ သောအမည်ဖြင့် စေတီတည်၍ ဌာပနာထားကြောင်း နလာဋ ဓာတုဝင်(၁၀၆)နှင့် ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း(၁၇၄) စသည်တို့၌ မိန့်ဆိုတော်မူကြကုန်၏။

၁၃၁၀ - ပြည့်နှစ် ပြာသို လပြည့်ကျော် (၁၄) ရက် (၁၆-၁-၄၉) ကြာသပတေးနေ့စွဲပါ ဆံတော်ရှင်မြတ် မောင် တင်စေတီတော်သမိုင်း (၁၁)၌ကား ဇေယျသေနနဂါးမင်း ပင် သမုဒ္ဒရာမှ ဆယ်ယူအပ်သော မြသားရတနာတို့ဖြင့်

www.dhammaransi.com



စိုင်တမော့ခန့် အရှယ်ရှိ စေတီတော်ကို သရဏာတောင်ဟု ခေါ်ဆိုသော မော်တင်စွန်း၌ နတ် နဂါး ဆင်ဖြူတော် ခြံရံလျက် မဟာသက္ကရာဇ်(၁၀၃)ခု၊ ဝါဆိုလပြည့်နေ့တွင် တည်၍ ဆံတော်ကို ဌာပနာ၏ဟု ဆိုသေး၏။

## ဆံတော်ကိုဆက်လက်ပင့်ဆောင်ခြင်း

ကုန်သည် ညီနောင်တို့လည်း နဂါးမင်း ခိုးယူလိုက်သော ဆံတော်ကို အလွန် နှမြောလှသဖြင့် တမ်းတ ငိုယိုကာ မော်တင်စွန်းမှ ဆက်လက်၍ သင်္ဘော လွှင့်ကြပြန်ရာ (၁၀၃)ခု၊ ဝါခေါင်လဆန်း (၁၄)ရက် တနင်္ဂနွေနေ့တွင် ပေါက္ခရဝတီခေါ် အသိတဥ္စနမြို့၏ ဆိပ်ကမ်းဖြစ်သော ဓညဝတီခေါ် "ဟပင်း" (ကသစ်ပင်)ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေ၏။

(ဟပင်း မှ-ခပင်း။ ယခု "ကပင့်"ဖြစ်နေ၏။)

## တံ့တေးသို့ဆိုက်ရောက်တော်မူခြင်း

ဤသို့ ပင့်ဆောင်လာသော ဆံတော်မြတ်ကို ကမ်းလုံးညွတ်မျှ လာရောက် ကြိုဆို ပူဇော်ကြပြီးလျှင် ကပင့်အနောက်(၆)မိုင်ခန့်အကွာ "ကွမ်းဒေး"(ကွမ်း=ရွာ။ဒေး=တောင်ကုန်း(=တောင်ကုန်းရွာ။)ယခု "တံ့တေး"ရွှေဆံတော် တည်ထားရာ "မေရုတ"(မေရုဒ) ကုန်းမြင့်ပေါ်သို့ ပင့်ဆောင်၍ (၇)ရက်ပတ်လုံး (တံ့တေး-ရွှေဆံတော်သမိုင်း

www.dhammaransi.com



အသို(၃)ရက်ပတ်လုံး)ပွဲလမ်းသဘင်တို့ဖြင့် အကြီးအကျယ် ပူဇော်ကြကုန်၏။

## တံ့တေးနှင့်တွန်တေး

အချို့ ရာဇဝင်သမိုင်းတို့၌ "တံ့တေး"ဟု သေးသေးတင် နှင့် ရေးသော်လည်း စွယ်စုံကျော်ထင်ကျမ်း ဒုတိယအုပ် ပုစ္ဆာ(၅၅၅)၌ကား—

"မတွန်-တွန်-တွန်၊ တွန်-တွန်-တွန်၊ တွန် ခုနစ်ဆက် ဘယ် မင်းနည်း"ဟု "န"သတ်ကာရန်နှင့် ပုစ္ဆာပြုလုပ်ထား၏၊ ၎င်း အမေးကို—

၁-တွန်ရာဇာကြီး၊ ၂-တွန်ရာဇာငယ်၊ ၃-တွန်ကန်ကောင်း၊ ၄-တွန်ကံထိုက်၊ ၅-တွန်ဝိဒူ၊ ၆-တွန်ဝိဇ္ဇာ၊ ၇-တွန်နဘူး—

ဟု တွန်တေး မင်းဆက် (၇)ဆက် ကြွားဘူးကြောင်း ဖြေဆိုထား၏။

## ဆံတော်ကြူစေတီ ၄-ဆူ

ဤသို့ မော်တင်စွန်းခေါ် နဂရာဇ်မော်အငူမှ တပုဿ- ဘလ္လိကတို့ ဆံတော်ပင့်ဆောင်လာကြကြောင်းကို သတင်း စကား ကြားကြကုန်သော အနီးအနား မြစ်လမ်း တ လျှောက်ရှိ နယ်သူနယ်သားတို့သည်လည်း လမ်းခရီးမှနေ၍

www.dhammaransi.com



သောင်းသောင်း ဖျဖျ မကြုံဘူးအောင် အထူး စည်ကား သိုက်မြိုက်စွာ ကိုးဆိုဖူးမြော် ပူဇော်ကြကုန်၏။ ဤသို့ ကိုးဆိုဖူးမြော် ပူဇော်ကြပြီးလျှင် အမှတ်တရ ဖြစ်စေရန် မိမိတို့ မြို့ရွာအသီးသီးတို့၌ ဆံတော်ကြို စေတီတော်များကို ရွာတိုင်းလိုလို အများအပြား တည်ထားကြကုန်၏၊ နောင် အခါ ဓာတ်တော် ဆံတော်စသော သာရီရိက ပူဇော်ဘွယ် တို့ကို ထပ်မံ ဌပနာကြ၍ ကိုးကွယ် ပူဇော်လာကြရာ ပျောက်ပျက် ကွယ်ပတော်မူကြကုန်သော စေတီတော် များမှတပါး ယခုတိုင် မပျောက်မပျက် တည်ရှိတော်မူ နေသော ဒလ-အုံကြီး နယ် ဆပ့ကန် (၁၂)ရွာ တောကြီး တန်းတလျှောက်ရှိ ဆံတော်ကြို စေတီတော် (၉)ဆူ အ ကြောင်းကို အလျဉ်းသင့်ခိုက် ရာဇဝင်သမိုင်းတို့မှ ထုတ်နုတ် ၍ ကွမ်းခြံကုန်း ပင်လယ်ဝမှ တံ့တေးအရောက် ချောင်း တလျှောက်ရှိ လမ်းစဉ်အတိုင်း အကျဉ်းမျှ ရေးသား ဖော်ပြ ပါဦးအံ့။

## ၁-ဒေတနော် စေတီတော်

တော်ပလွဲ ကွမ်းခြံကုန်းမြို့တို့၏ မြောက်ဘက် ခရီး(၂) တိုင်ခန့်အကွာတွင် "ကျိုက်ဒေကနောင်"စေတီတော် ရှိ၏၊ မြန်မာဘာသာအားဖြင့် "စစ်ပင်ကုန်းဘုရား"ဟု ဆိုလို၏။ ယခုအခါ "ဒေတနော်ဘုရား"ဟု ခေါ်ဆိုနေကြ၏။ ဘိနပ်

www.dhammaransi.com



တော် အတောင်(၇၀)ခန့်ရှိ၏။ ကားလမ်း၏ အနောက်ဘက်တွင် တည်ရှိ၏။

## ၂-အင်းဂလုံစေတီတော်

၎င်းမှ မြောက်ဘက်ခရီး(၃)တိုင်ခွဲလောက်တွင် "ကျိုက်အံခလွန်း"ဟု စေတီတော် ရှိ၏၊ "ဂျောင်အင်းဘုရား"ဟု ဆိုလို၏။ အံခလွန်းကို ယခုအခါ"အင်းဂလုံဘုရား" "အင်းဂလုံရွာ" ဟု ခေါ်ဆိုကြ၏၊ ဘိနပ်တော် အတောင်(၆၀)ကျော်ရှိ၏၊ ကားလမ်း၏ တောင်ဘက်တွင် တည်ရှိ၏။

## ၃-ဆပုဂံစေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၁)တိုင်ကျော်လောက်တွင် 'ကျိုက်လှာပကံ'ဟု စေတီတော် ရှိ၏၊ "ပုဂံတွင်းဘုရား"ဟု ဆိုလို၏။ ရွာနှင့်ဘုရားအကြား "အရှေ့ဘက်ကွင်း၌ "ပုဂန်ပင် (ပုဂံပင်)များစွာပေါက်လျက်ရှိ၏၊ ယခုအခါ ဆပုဂန်ရွာ (ဆပုဂံရွာ) ဆပုကန်ဘုရား (ဆပုဂံဘုရား) ဟု ခေါ်ဆိုကြ၏၊ ဘိနပ်တော် အတောင်(၆၀)ကျော် ရှိ၏၊ ရွာနှင့် (၂)မိုင်ခန့် ဝေးပြီး ကားလမ်း၏ တောင်ဘက်တွင် တည်ရှိ၏။

## ၄-ကျိုက်တဂိုးန္တတ်စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၁)တိုင်လောက်တွင် "ကျိုက်တဂိုးန္တတ်"ဟု စေတီတော် ရှိ၏၊ "စမ်းချောင်းကြီးဘုရား"

www.dhammaransi.com



ဟု ဆိုလို၏၊ ယခုလည်း စမ်းချောင်းကြီး ရှိနေ၏။ ဘိနပ်တော် အတောင်(၆၀)ကျော် ရှိ၏၊ ကားလမ်း၏ တောင်ဘက် (၆)မိုင်ခန့် အကွာ၌ တည်ရှိ၏။

## ၅-ကျိုက်တဂိုးတွတ်စေတီတော်

၎င်းမှ မြောက်ဘက်ခရီး(၁)တိုင်လောက်တွင် "ကျိုက်တဂိုးတွတ်"ဟု စေတီတော်ရှိ၏၊ "စမ်းချောင်းလေးဘုရား" ဟု ဆိုလို၏၊ ယခုလည်း စမ်းချောင်းငယ် ရှိနေ၏။ ဘိနပ်တော် အတောင်(၆၀)ကျော်ရှိ၏၊ ကားလမ်း၏ တောင်ဘက် (၆)မိုင်ခန့် အကွာ၌ တည်ရှိ၏။

## ၆-လှပတီ-လက်ခိုက်စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၁)တိုင်ကျော်လောက်တွင် ရွာနှစ်ရွာကြား တောင်ကုန်းပေါ်၌ စေတီတော်ကြီး တဆူရှိ၏၊ တောင်ဘက်ရွာကို "လှပတီသဲတွင်း" မြောက်ဘက်ရွာကို "လက်ခိုက်-ပိတ်စွယ်ကုန်း"ဟု ခေါ်ဆို၏၊ ရွာအမည်ကို စွဲ၍ ဘုရားကိုလည်း "လှပတီဘုရား-လက်ခိုက်ဘုရား"ဟု ခေါ်ဆိုနေကြကုန်၏၊ ဘိနပ်တော်အတောင် (၆၀)ကျော်ရှိ၏၊ ကားလမ်းအနောက်ဘက်၌ တည်ရှိ၏။

## ကျိုက်ကောမ္မုး စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၁)တိုင်ကျော်လောက်တွင် "ကျိုက်ကောမ္မုး"ဟု စေတီတော်ရှိ၏၊ ကျွန်းစွန်ဘုရားဟု

www.dhammaransi.com



ဆိုလို၏၊ ရွာကိုလည်း "ကွမ်းကော့မှူး" ကျွန်းစွန်ရွာဟု ဆိုလို၏၊ ဘိနပ်တော် အတောင် (၆၀)ကျော် ရှိ၏၊ ရွာနှင့် (၁)မိုင်ခွဲခန့် ဝေး၍ လမ်း၏ အနောက်ဘက်၌ တည်ရှိ၏။

## ၈-ဖလကြီး စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၄) တိုင်လောက်တွင် "ဖက်ယားကြီး"ဟု စေတီတော် ရှိ၏၊ ရှေးမှန်အခေါ် ကွယ်ပျောက်နေ၏၊ ဘုရားအနီးတွင် ဖက်ယားပင်ကြီးများရှိ၏၊ ထို့ကြောင့် 'ဖက်ယားကြီးဘုရား'ဟု ခေါ်ဆိုနေကြ၏၊ အနီးရှိ အင်းကိုလည်း ဖက်ယားကြီး အင်းဟူ၍ပင် ခေါ်ဆိုကြကုန်၏၊ နောင်အခါ "ဖရကြီးဘုရား" "ဖရကြီးအင်း" ဟု ခေါ်ဆိုကြရာမှ ယခုအခါ"ဖလကြီး"ဖြစ်နေ၏။ ဘိနပ်တော် အတောင် (၆၀)ကျော် ရှိ၏။

## ၉-ရွှေဆံတော် စေတီတော်

ပေါက္ခရဝတီမြို့၏ အနောက်ဘက် (တုံတေး ရွှေဆံတော် သမိုင်း အလို မြောက်ဘက်)မနီးမဝေး (၆)မိုင်ခန့် အရပ်၌ မှန်အခေါ် "ကွမ်းဒေး" ယခု တုံတေးမြို့ အနီးရှိ "မေရုတ" ကုန်း၌ 'ကျိုက်ကေသာ'ဟု စေတီတော်တဆူ တည်ထား၏၊ ဆံတော်ဘုရား ဟု ဆိုလို၏၊ ဤသည်တို့ကား ဆံတော်ကို စေတီတော်(၉)ဆူတို့ ဖြစ်ကြကုန်၏။

www.dhammaransi.com



## ဆံတော်ကိန်းဝပ်ရာဌာန

တပုဿ-ဘလ္လိကတို့ ဆံတော် ပင့်ဆောင်ခဲ့သော အချိန်က တံ့တေးနယ်ပယ်တဝိုက်ကို ဘုရင် "သမိန်ထော" ဗညားရမ်းမင်း" "မိန္ဒာဒေဝီ"မိဖုရားကြီး၊ သမီးတော် "ဗညားထောဒေး"နှင့် အမတ်ချုပ်ကြီး "အမတ်သိမ်"တို့ အုပ်ချုပ်လျက်ရှိ၏၊ ၎င်း မင်းမိဖုရားနှင့် တိုင်းသူ ပြည်သား တို့၏ တောင်းပန်ချက်အရ ဆံတော်ကို ၎င်းမေရှတကုန်းသို့ ပင့်ဆောင်၍ ခေတ္တ(၇)ရက်မျှ ကိန်းဝပ်စေတော်မူဘူး၏၊ ၎င်းနေရာကို အမြတ်တနိုး ဖြစ်စေရန် စေတီတော် တည်ထားခြင်း ဖြစ်၏။

## အခြားစေတီတော်များ

ဤဆိုအပ်ခဲ့ပြီးသော သမိုင်းပါ စေတီတော်(၉)ဆူမှ တပါး စလုပ်ကြီးဘုရား၊ နတ်စင်ကုန်းခေါ် ကျွဲမင်းကုန်းဘုရား၊ ဘုရားကြီးခေါ် ချမ်းသာကြီးဘုရား၊ မောင်တီဘုရား၊ ကံပဲ့ဆုတောင်းပြည့်ဘုရား၊ ကျိုက်ဖူး-ကျိုက်ပါဘုရား စသည် အားဖြင့် များစွာ ရှိကြကုန်သေး၏၊ ဆံတော်ပင့်ဆောင်ခဲ့ရာ ကွမ်းခြံကုန်းမြစ်သည် ယခုအခါ သင်္ဘောကြီး လှည့်မရတော့ဘဲ ဒီရေတက်ချိန်တွင် သင်္ဘောငယ်များ ရှေ့လှော်သမ္ဗန်များလောက်သာ သွားလာနိုင်သော ချောင်းကျဉ်းကလေး ဖြစ်နေသည်ကို တွေ့ရ၏။

၁၁၀၇၃

www.dhammaransi.com

# ၂၂ ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း

## ဒဂုံသို့ ဆံတော် ဆိုက်ရောက်ခြင်း

တပုဿ-ဘလ္လိက ညီနောင်တို့လည်း ဥက္ကလာပမင်းကြီးနှင့် ဘခင် သုဝဏ္ဏသူဌေးကြီးတို့ထံ ဆံတော်ပင့်ဆောင်ခဲ့သော အကြောင်းကို ကြားသိစေလေ၏၊ မင်းကြီးလည်း အလွန် ဝမ်းမြောက်လှသဖြင့် သုဝဏ္ဏသူဌေးကြီးနှင့် တိုင်ပင်ကာ ခေါဘဏီတပ်ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း (၁၀၀၀) တို့ဖြင့် ခမ်းနားကြီးကျယ်စွာ (၁၀၃) ခုနှစ်၊ ဝါခေါင် လပြည့်ကျော်(၅) ရက် စနေနေ့တွင် ယခုဗိုလ်တထောင်စေတီတော်တည်ရှိမည့်နေရာ အရပ်မှ ကြိုဆိုပင့်ဆောင်တော်မူကြပြီး ငှင်းဆိပ်ကမ်း၌ပင် ပြုပြင်ဆောက်လုပ်ထားအပ်သော ရတနာ မဏ္ဍပ်တော်၌ ကိန်းဝပ်တော်မူရန် ပင့်ဆောင်ကြကုန်၏။

## ဆံတော် ၈-ဆူ မလျော့ခြင်း

တပုဿ ဘလ္လိက ညီနောင်တို့က လမ်းခရီး၌ အဇ္ဈတ္တ-နဂရ အကောက်မင်းကြီးက ဆံတော်(၂)ဆူကို အကောက်တော် အဖြစ် အတင်း ပင့်ယူလိုက်ကြောင်း, နဂရာဇ်မော်အငူမှ ဇေယျသေန နဂါးမင်းကလည်း ဆံတော် (၂) ဆူကို တိတ်တဆိတ် ခိုးယူလိုက်ကြောင်းများကို ကြေကွဲ ဝမ်းနည်းစွာဖြင့် မင်းကြီးအား သံတော်ဦး တင်ကြကုန်၏၊ မင်းကြီးလည်း စိတ်ပင်ပန်းစွာဖြင့် "မိမိတို့ ကိုးကွယ်ပူဇော်ထိုက်လျှင် မြတ်စွာဘုရား ပေးသနားတော်မူလိုက်သည့် အတိုင်း ကိုးကွယ် ကြရမည်သာတည်း" ဟု အောက်မေ့ မိဌာန်၍

www.dhammaransi.com



ကြုတ်တော်ကို ဖွင့်လိုက်ရာ "ဣဒ္ဓိဝိသယော အစိန္တိယော" "တန်ခိုးအရာ မကြံသာ"ဟူသည်နှင့် အညီ ဆံတော်မလျော့ဘဲ (၇)ဆူ အတိုင်းသာ ဖူးတွေ့ရသဖြင့် လွန်မင်းပြင်းပြ ဝမ်းသာတော်မူလှပြီး စံပယ်ရာအရပ် ရတနာမဏ္ဍပ်တော်၌ ပင် (၆)လတိုင်တိုင် ကြီးစွာသော သဘင်ပွဲကို ဆင်နွဲ ပူဇော်လေ၏။

## ဆံတော် ၁-ဆူစီ ရကြပုံ

ဤသို့ ထူးခြား ကြီးကျယ်စွာ (၆)လတိုင်တိုင် ဆံတော် ပူဇော်ပွဲကို ဆင်နွဲကျင်းပကြပြီးနောက် မြတ်စွာဘုရား ပေး အပ်တော်မူလိုက်ရင်း ဖြစ်သော တပုဿ-ဘလ္လိက ညီနောင် တို့အား ဥက္ကလာပမင်းကြီးက ဆံတော်ခတ် တဆူစီကို ခွဲဝေပေးအပ်တော်မူပြန်၏။

(ဓမ္မစေတီ ကျောက်စာ၌ကား တပုဿ-ဘလ္လိကတို့ ဆံတော်(၂)ဆူ ယူထားလိုက်ကြောင်း လာ၏)။

## တပုဿ စေတီရာ သတ်မှတ်ခြင်း

တပုဿ-ဘလ္လိကတို့လည်း မိမိတို့ ရရှိသော ဆံတော်ကို ဌာပနာ၍ စေတီတည်ထားရန် နေရာ ရွေးချယ်ကြရာ တပုဿ က(၆)လတိုင်တိုင် ဆံတော်(၇)ဆူ ကိန်းဝပ်စံပယ်တော်မူ ရာအရပ်၌ အမှတ်တရ ကျောက်တိုင်စိုက်ဘိသကဲ့သို့ နောက် လူ နောက်သားတို့ သိရစ်ကြစေခြင်းငှါ ယခု ဗိုလ်တထောင်

www.dhammaransi.com



စေတီတော် တည်ရှိရာအရပ် ရဘာနာမကျွပ်နေရာကို ရွေးချယ်သတ်မှတ်လေ၏။

## ဘလ္လိက စေတီရာ သတ်မှတ်ခြင်း

ဘလ္လိကကား ဗိုလ်တထောင်မှ သိင်္ဂုတ္တရကုန်းတော်သို့ ဆံတော်များကို ပင့်ဆောင်စဉ်က ပဌမရွေးဦးစွာ ရွှေဝေါတော်ပြာသာဒ်တထောက် ရပ်နားရာအရပ်ဖြစ်သော ယခုပန်းဆိုးတန်း(ဖယ်ယာ)နှင့် မဟာဗန္ဒုလ (ဒါလဟိုဇီ)လမ်းထောင့်တီဂျူးမား အနောက်ဘက်၊ ကြေးနန်းရုံးကြီး၏ မြောက်ဘက်ရှိ မဟာပိန္နဲဟု ခေါ်ဆိုနေကြသော "စန္ဒိမယ်တော်" ဟိန္ဒူကလယ်ဘုရားကျောင်းနေရာအရပ်ကို ရွေးချယ် သတ်မှတ်လေ၏။ (သိမ်ကြီးဈေး အနောက်ဘက် ကပ်လျက်ရှိသော(၂၄)လမ်း၊ အမှတ်(၁၄၉)ရှိ ကလယ် မဟာပိန္နဲဘုရားကျောင်းနေရာဟု အချို့က ဆိုကြကုန်သေး၏)။

သို့ရာတွင်—

၁။ ပဌမ ရွှေဝေါတော်ပြာသာဒ် တထောက် ရပ်နားရာအရပ် ဟူသော စကား၊

၂။ တချိန်က ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ မဟာပိန္နဲနတ်တိုက်ကို ဗုဒ္ဓဘာသာ မြန်မာအချို့တို့က မိမိတို့ ကိုးကွယ်ကြောင်း၊ပိုင်ဆိုင်လိုကြောင်း စသည်ဖြင့် တရားတဘောင်ပင် ဖြစ်ကြသေးကြောင်းကို အမျိုးသား ပညာဝန် ဦးဘိုးကျားကိုယ်တွေ့ဝတ္ထု

www.dhammaransi.com



(၁၇)မင်းမှတ်တမ်းစာမျက်နှာ(၇၉)၌ဆိုသော စကားများကို ထောက်ထားလျှင် ပန်းဆိုးတန်း မဟာပိန္နဲပင် ဖြစ်ဘွယ်ရာ ရှိ၏ဟု သမိုင်းဆရာတို့ ယုံကြည်ကြကုန်၏။

## ကျိုက်ပါစေတီတော် ၂-ဆူ

ဤသို့ မိမိတို့ ကြိုက်နှစ်သက်ရာ နေရာများကို အသီးသီး ရွေးချယ်သတ်မှတ်ကြပြီးလျှင် ဥက္ကလာပမင်းကြီး၊ ဘခင် သုဝဏ္ဏသူဌေးကြီးတို့နှင့် တိုင်ပင်ကြကာ စေတီတော်တဆူစီ တည်ထားကြကုန်၏၊ ညီနောင် နှစ်ဦးတို့ တည်သော စေတီ တော် (၂)ဆူလုံးကို ပင် "ကျိုက်ပါ"ဟု ခေါ်ဝေါ်ကြကုန် ၏၊ မွန်ဘာသာအားဖြင့် (ကျိုက်-ဘုရား၊ ပါ-၂) ဘုရား နှစ်ဆူ (ဝါ) ဘုရား ညီနောင်ဟု ဆိုလို၏။

(၎င်း စေတီတော် (၂)ဆူလုံးကိုပင် တပုဿ-ဘလ္လိက တို့အတွက် ဥက္ကလာပမင်းကြီး ကိုယ်တိုင် တည်ပေး ကြောင်းကို နဂါးဗိုလ် ရန်ကုန် ရာဇဝင်(၅၈)၌ ဆိုသေး ၏။)

## မဟာပိန္နဲ ခေါ်တွင်ကြပုံ

ကျိုက်ပါ စေတီတော် (၂)ဆူ အနက် ညီတော် ဘလ္လိက တည်သော ကျိုက်ပါ စေတီတော်ကို မဟာပိန္နဲနတ်ရုပ်တို့ဖြင့်

www.dhammaransi.com



ချယ်လှယ်ထားခြင်းကြောင့် နောင်အခါ "မဟာပိန္နဲစေတီတော်"ဟု ခေါ်ဆိုကြပြန်ကုန်၏၊ ကဗျတ္တစန္ဒိကာကျမ်း (၂၄၅)၌ကား—

"ရွှေဆံတော် စေတီတော်ကို မဟာပိန္နဲဟု ခေါ်တွင်သည်မှာ ဥဿာမင်းသည် "မဟာပိန္နဲ"ရွှာ၌ ကိန်းဝပ်စေသောကြောင့် ဌာနူပစာရအားဖြင့် မဟာပိန္နဲ တွင်သတည်း"

ဟု ဆိုထားသေး၏။

## ဒွတ္တဘောင်မင်း ဆံတော်ပင့်ခြင်း

သရေခေတ္တရာ ပြည်မြို့၌ သာသနာတော် (၁၀၁) ခုနှစ်တွင် ရာဇာဘိသိက် ခံယူသော ဒွတ္တဘောင် မင်းကြီးသည် ဆံတော်မြတ်ကို ကိုးကွယ်ပူဇော်လို၍ ကျိုက်ပါစေတီတော်နှစ်ဆူအနက် ဘလ္လိက တည်သော မဟာပိန္နဲခေါ် ကျိုက်ပါစေတီတော်ကို (၁၁၁)ခုနှစ်မှာပင် ဖျက်ဆီး၍ ဆံတော်ရှာရာ ဆံတော်(၁)ဆူမက၊ (၄)ဆူမျှ ဖူးတွေ့ရ၍ အားရနှစ်သက်စွာဖြင့် ပြည်မြို့သို့ ပင့်ဆောင်ပြီးလျှင် အသစ်တည်သော စေတီတော်, ထပ်မံပြုပြင်သော စေတီတော်အားဖြင့် ဒွတ္တဘောင် မင်းကြီး၏ ကောင်းမှုတော် စေတီ (၉)ဆူအနက် မြသီတင်စေတီတော်၌ ထပ်မံ ဌာပနာလေ၏။

www.dhammaransi.com



# ပြည်ဆံတော် မြသီတင်ဘုရား

မြသီတင် ဘုရားကား ယခု ပြည်မြို့ရှိ ရွှေဆံတော်ဘုရား ပင် ဖြစ်၏၊ အထောက်အထားကား—

"မိုးနှင့်သာလျှင်၊ ထွန်းဝါပြိုးပြက်၊ ရောင်ချင်းရှက်မျှ၊ တောင်ထက်တောင်မြတ်၊ တောင်ကျော်ထွတ်နိုက်၊ လူနတ်များရှင်၊ မြသီတင်နှင့်၊ တပြင်မခြား၊ ရွှေယှန်း နားဝယ်၊ တရားဘုန်းခေါင်၊ ဒွတ္တဘောင်ဟု၊ ပြည်ထောင် များနတ်၊ တည်ခဲ့မှတ်သည်၊ လျှံပတ်ညီးညီး၊ ခြောက် သွယ်စီးသား၊ ရွှေထီး ရွှေတိုင်၊ ရွှေစိုင်တခဲ၊ လိုဏ်နန်း ထဲက၊ ရဲရဲထွန်းပြောင်၊ ကိုယ်တော်ရောင်ဖြင့်၊ ညီနောင် နှစ်ဘော်၊ ကျွန်းလုံးကျော်သည်၊ မည်တော် ဆုတောင်း ပြည့်တကား"

ဟု စပ်ဆိုသည့်အတိုင်း ၎င်းဆုတောင်းပြည့် ရုပ်ပွါးတော် (၂)ဆူသည် ရွှေဆံတော်စေတီယင်ပြင်တော် အရှေ့ဘက် တွင် မည်သည့် အဆောက်အဦမှ မခြားဘဲ ရွှေဆံတော် စေတီနှင့် တပြင်တည်း တည်ရှိနေသည့် လိုဏ်ဂူထဲ၌ ကိန်းဝပ် တော်မူနေသော ဆုတောင်းပြည့်ညီနောင် ရုပ်ပွါး ဘုရား (၂)ဆူကို မိမိကိုယ်တိုင် သွားရောက်ဖူးမြော် လေ့လာ စဉ်က တွေ့ရှိခဲ့ရသဖြင့်၎င်း၊ ပြည်မြို့ ရွှေဘုန်းပွင့် ပိဋကတ် တိုက် ဥက္ကဋ္ဌ ရွေးဟောင်း သုတေသန ဦးကြိုင်တို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရသဖြင့်၎င်း ယခု ရွှေဆံတော်ဘုရား

www.dhammaransi.com



သည်ပင် ရှေးက မြသိတင် ဘုရားဖြစ်ကြောင်း အတိအကျ သိမှတ်ခွင့် ရရှိခဲ့ပေ၏။

ဤသို့ ဒွတ္တဘောင်မင်းကြီး ဆံတော်ပင့်ယူပုံကို—

၁။ ဦးကုလား ရာဇဝင်-ပ..................၁၉၉၊

၂။ မှန်နန်း ရာဇဝင်-ပ...................... ၂၉၄၊

၃။ သုဓမ္မာ သော ခိတ မဟာရာဇဝင်ကြီး-ပ....၂၇၁၊

၄။ စာဆိုတော်များ ရတု ပေါင်းချုပ်........၃၉၊

၅။ စေတိယကထာ ရာဇဝင်ချုပ် ............. ၁၅—

စသည်တို့၌ လာရှိကြကုန်၏။

## မဟာပိန္နဲသည် ရှေးအမည်

ယခု ပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းကို မည်သည့် ကလယ်လူမျိုးတို့ကမှ "မဟာပိန္နဲ"ဟု မခေါ်ဆိုကြဘဲ "စန္ဒီမယ်တော်"ဟူ၍သာ ခေါ်ဆိုကြကုန်၏၊ မြန်မာတို့ကမူကား စန္ဒီမယ်တော်ဘုရားကျောင်း မတည်ဆောက်မီ ရှေးပဝေဏီက အမည်ဟောင်းဖြစ်သည့် ဘလ္လိကစေတီတော်၏ ဘွဲ့တော်အတိုင်းသာ အစဉ်အဆက်"မဟာပိန္နဲ"ဟု ယနေ့တိုင်အောင် ဘူတပုဗ္ဗဂတိကနည်းအရ အဆင့်ဆင့်ကြား အနုသုတအားဖြင့် ရေးသားခေါ်ဝေါ်လျက် ရှိကြကုန်၏။

www.dhammaransi.com



## မဟာပိန္နဲ အစစ်အမှန်

အချိုက ပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းသည် ဟိန္ဒူကလယ်လူမျိုးတို့၏ မဟာပိန္နဲ ဘုရားကျောင်းဖြစ်၍ "မဟာပိန္နဲ" ခေါ်သည်ဟု အမှတ်အသားထားကြကုန်၏၊ မဟုတ်။ အမှန်မှာ ဤပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းသည် "စန္ဒိမယ်တော်ကျောင်း"သာ ဖြစ်၏၊ သိမ်ကြီးဈေး အနောက်ဘက်တွင် ကပ်လျက်ရှိသော (၂၄)လမ်း အမှတ် (၁၄၉)ရှိ ကလယ်ဘုရားကျောင်းသည်သာ ကလယ်လူမျိုးတို့၏ "မဟာပိန္နဲ" အစစ်အမှန် ဖြစ်၏။

ကလျာဏီကျောက်စာ နိဿယ ၁၆၂-၃ကား—

"ဘလ္လိက တည်သော စေတီကား မဟာပိန္နဲစေတီတော်တည်း၊ အနော်ရထာစောမင်းသည် ထိုမဟာပိန္နဲ စေတီတွင် တည်သော ဆံတော်ဓာတ်ကို ဆောင်ခဲ့၍ ပုဂံမြို့ အရှေ့တောင်ထောင့်၌ "မဟာပိန္နဲ" ဆံတော်ရှင် ဘုရား ဟူ၍ ပစ္စယံ ငါးဆင့်နှင့် တည်လေသတည်း"—

ဟု မိဂပဒဝဋ္ဋဉာဏ နည်းအားဖြင့် ဖြစ်စဉ်တော်ကို ကျော်လွှား၍ မှာကြားတော်မူခဲ့၏။

www.dhammaransi.com



## ဖြစ်တော်စဉ်အမှန်ကား

ဒုတ္တဘောင်မင်းကြီးသည် ဘလ္လိက၏ မဟာပိန္နဲစေတီတော်ကို ဖျက်ပြီး ဆံတော်ရှာရာ တဆူမက လေးဆူမျှ တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ပင့်ယူပြီးလျှင် ပြည်မြို့ မြသီတင်ဘုရား (ပြည်ဆံတော်)၌ ဌပနာ၏။ ပြည်မြို့ပျက်သောအခါ ဥဿာမင်းက မြသီတင်စေတီတော်ကို ဖောက်၍ ဆံတော်(၄)ဆူကို ပင့်ယူပြီးလျှင် ရွှေမော်ဓောဘုရား၌ (၂) ဆူ၊ ကျိုက်ကလို့ဘုရား၌ (၁)ဆူ၊ (ကျိုက်ကို့လည်းဟူ) ဌပနာ၏၊ ကျန်ဆံတော် (၁)ဆူကိုကား နန်းတော်ဦး၌ထား၍ နန်းစဉ်ဆံတော်အဖြစ် မင်းအဆက်ဆက်တို့ ကိုးကွယ်လာကြရာမှ ၎င်းနန်းစဉ်ဆံတော်ကို အနော်ရထာမင်းစော ရပြန်၍ ပုဂံမြို့၌ "မဟာပိန္နဲဆံတော်ရှင်ဘုရား"ဟူ၍ တည်ထားခြင်းသာ ဖြစ်၏။

## ဗိုလ်တထောင်ဘုရားတည် ခုနှစ်

ဆံတော်သည် (၁၀၃)ခု ဝါခေါင်လပြည့်ကျော် (၅) ရက်နေ့၌ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူ၏၊ ၎င်းဆိပ်ကမ်းရှိ ရတနာမဏ္ဍပ်တော်၌(၆)လတိုင်တိုင် သီတင်းသုံးတော်မူပြီးမှ တပုဿ-ဘလ္လိကတို့ ဆံတော်တဆူစီ ရ၍ တပုဿ-စေတီတည်ရသဖြင့် (၁၀၃)ခု တပို့တွဲလ၌ ယခုဗိုလ်တထောင်စေတီတော်ကို စတင် တည်ထားသည်ဟု စကားကျ အဓိပ္ပါယ်ရ၏။

www.dhammaransi.com



# ဒုတိယဆံတော်

ဤသို့ ဗိုလ်တထောင် စေတီတော်၌ ပဌမ ရှေးဦးစွာ တပုသ ရရှိ ဌပနာသော ဆံတော်အကြောင်းကို ထိုထို ရာဇဝင် သမိုင်းတို့အရ ရေးသားပြီးနောက် ဒုတိယဆံတော် အကြောင်းကို မှန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ် သထုံရာဇဝင်ပေါင်းချုပ်ကျမ်းကြီး၊ အခြားရာဇဝင်- သမိုင်း စာစောင်များနှင့် ဗိုလ်တထောင်စေတီတော်သမိုင်း ရှေး ဟောင်းလက်ရေးမူ စာမျက်နှာ(၃)မှ စ၍ အကျယ်တဝင့် လာရှိသည်များကို ကိုးကားယူငင်၍ ရေးသားပေအံ့။

သုဓမ္မဝတီ သထုံပြည်၌ တိဿဓမ္မသီဟရာဇာမင်းနှင့်သီရိ ကပ္ပါဒေဝီ မဟေသီမိဖုရားတို့ စိုးစံခိုက်တွင် တိလင်္ဂဏတိုင်း သား တေလ်ဂူစသော နိုင်ငံခြားသားများ ချဉ်းနင်းဝင် ရောက်ဘန်များသဖြင့်—

သားတော်　၁။ တိဿဘောဂသေန၊
　　　　　၂။ တိဿနာဂသေန၊
　　　　　၃။ တိဿနရသီဟ-နှင့်
သမီးတော်　**၄။ နန်းစော—**

တို့အား နိုင်ငံတော်အတွင်း၌ မြို့ရွာတည်ထောင်၍ သထုံ ပြည်ကြီးကို ကာကွယ်စောင့်ရှောက်ရန် စေလွှတ်လေ၏။

www.dhammaransi.com



ကျန်သမီးတော် **၅။ သုဝဏ္ဏဒေဝီ**ကား မိမိ အပိုင်စားရသော ယခု ဒလမြို့ဟောင်းနေရာ စကားကျွန်းသို့ ရွှေပြောင်းစံနေ၏။

အငယ်ဆုံး သားတော်ဖြစ်သော ၆။ ဝိဇယကုမာရကိုကား ဝိဇ္ဇာဓိုရ်များ ခေါ်ဆောင်သွားကြပြီး အင်းအိုင်ဆေးဝါး မန္တန်အတတ်တို့ဖြင့် ပြုပြင်စီရင်ပေးသောကြောင့် ဟိမဝန္တာ၌ ဝိဇ္ဇာဓိုရ် ဖြစ်နေ၏။

**ကိတ္တိမသား မွေးစားခြင်း**

တိဿမဟာသီဟရာဇာမင်းကြီး၌ သား-သမီးများ မရှိကြတော့သဖြင့် မင်းကြီးနှင့် အမည်တူ ဖြစ်သော တိဿပုရောဟိတ် အမတ်ကြီး၏ သားတော်များ ဖြစ်ကြသော—

၁။ တိဿကုမာရ၊

၂။ ဝိဇယ ကုမာရ၊

ဟူသော သားတော် နှစ်ပါးကို ဘုရင်မင်းမြတ်က တောင်းယူ မွေးစားထားလေ၏။ ၎င်းကိတ္တိမမင်းသား နှစ်ပါးတို့လည်း တောထွက်၍ ရသေ့ပြုကြပြီးလျှင်—

၁။ နောင်တော် တိဿကုမာရက "တိဿရသေ့" ဟူသော အမည်ဖြင့် ဂဇ္ဇဂိရိ(ဇင်းကျိုက်တောင်)၌ နေ၏။

၂။ ညီတော် ဝိဇယကုမာရက "သီဟရသေ့" ဟူသော အမည်ဖြင့် ဗန္ဓဝဂိရိ (ဇွဲကပင်တောင်)၌ နေ၏။

www.dhammaransi.com



## ဥဘွားမင်းသား ၂-ပါး

တနေ့သ၌ ဝိဇ္ဇာခိုရ်ဖြစ်သွားသော ဝိဇယကုမာရ မင်းသား ဇော်ဂျီယောကျ်ားနှင့် နဂါးမတဦး ပျော်မွေ့ကြရာမှ မွေးဘွားသော ဥကြီး(၂)လုံးကိုရ၍ ဇင်းကျိုက်တောင် တိဿရသေ့(၁)လုံး၊ ဇွဲကပင်တောင် သီဟရသေ့(၁)လုံး အားဖြင့် အသီးသီး ယူထားကြရာမှ ယောကျ်ားကလေး နှစ်ဦး ပေါက်ဘွားလာရာ —

၁။ နောင်တော်တိဿရသေ့၏ ဥမှ ပေါက်ဘွားသော သားကို "သူရိယကုမာရ"၊

၂။ ညီတော်သီဟရသေ့၏ ဥမှပေါက်ဘွားသောသားကို "စန္ဒကုမာရ"ဟု အမည်ပေးကြကုန်၏။ သို့ရာတွင် ဝိဇ္ဇာနှင့် နဂါးမမှ ပေါက်ဘွားခြင်းကြောင့် နှစ်ဦးလုံးကိုပင် "ဝိဇ္ဇာနာဂ"ဟု ခေါ်ကြကုန်၏။

## တဦးကွယ်လွန်၍ တဦးမင်းဖြစ်ခြင်း

စန္ဒကုမာရမင်းသားသည် (၁၁)နှစ်သား အရွယ်တွင် ကျောက်ပေါက်သော ရောဂါဖြင့် ကွယ်လွန်၍ မဇ္ဈိမဒေသ မိထိလာပြည် "အတုလ"သူကြွယ်သမီး "သုမန"၏ ကြာဝမ်း တိုက်၌ သန္ဓေစွဲယူ ဘွားမြင်ပြီးနောက် (၇)နှစ်သားအရွယ် တွင် အဘိုး အတုလသူကြွယ်၏ ဆွမ်းကျွေးပွဲ၌ တရားနာရ၍

www.dhammaransi.com



ရှင်ရဟန်းပြုပြီးလျှင် "အရှင်ဂဝံပတိ"ဟု ရဟန္တာ ဖြစ်လေ၏၊ တိဿဓမ္မသီဟရာဇာမင်းကြီး နတ်ပြည်စံလွန်ပြီးနောက် သူ့ရိယကုမာရဝိဇ္ဇာနာဂအား "သီရိမာသောကတိဿ ဓမ္မသီဟရာဇာ"ဟူသော ဘွဲ့မည်ဖြင့် မင်းမြှောက်ကြကုန်၏။

## အရှင်ဂဝံပတိ သထုံကြွလာတော်မူခြင်း

သီရိမာသောကတိဿဓမ္မ သီဟရာဇာမင်း လက်ထက် အရှင်ဂဝံပတိမထေရ်က ငါ၏မယ်တော် "သုမန"သည်ကွယ်လွန်ပြီးနောက် အဘယ်အရပ်၌ ဖြစ်ပါလိမ့်မည်နည်းဟု ကြည့်ရှုလေလျှင် ရာမညတိုင်း တလိုင်းပြည်၌ ဖြစ်သည်ကို မြင်၍ မယ်တော်နှင့် နောင်တော်ဖြစ်ခဲ့ဘူးသော သီရိမာသောကတိဿဓမ္မသီဟရာဇာမင်းထံ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ မင်းနန်းတော်သို့ ကြွလာတော်မူ၏။

## ဘုရားရှင်အား ပင့်ပေးရန် တောင်းပန်ခြင်း

ကြွရောက်တော်မူလာပြီးနောက် အရှင်ဂဝံပတိမထေရ်က မင်းနှင့်တကွသော ပရိသတ်အား တရားဟောရာ မင်းကြီးက"အရှင်သည် လူတွင်တမွတ် အထွတ်အဖျား ဖြစ်တော်မူပါပေ၏"ဟု လျှောက်ထားလေလျှင် ရဟန္တာအရှင် ဂဝံပတိမထေရ်က—

"အကျွန်ုပ်ကား လူတွင်တမွတ် အထွတ်အဖျားမဟုတ်ပါပေ၊ သုံးဆဲ့တဘုံရှိ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး

www.dhammaransi.com



တို့၏ ဥသျှောင်တမွတ်အထွတ်မှန်ကူ သယမ္ဘူ မြတ်ဖျား စောဘုရားသည် မဇ္ဈိမတိုက် သမိုက်ခေါ်ဆို ထိုထိုမြို့ရွာတို့၌ လေးဖြာယာပထ မျှတတင့်တယ် စံပယ်တော်မူနေပါ၏၊ ၎င်းဇိနသုံးလူ့ ဘသည်သာ လူတွင်တမွတ် အထွတ်အဖျား ဖြစ်တော်မူပါပေ၏”ဟု မိန့်ကြားတော် မူလေလျှင် ထိုဘုရားရှင်အား ပင့်ပေးပါရန် မင်းကြီးနှင့်တကွ ရောက်လာကြသော ပြည်သူပြည်သားတို့က အရှင်ဂဝံ-ပတိအား ပန်ကြားလျှောက်ကြလေ၏။ အရှင်ဂဝံပတိ မထေရ်ကလည်း ယနေ့မှ နောက် (၇) ရက်မြောက် ဖြစ်သောနေ့၌ ပင့်ဆောင်ခဲ့ပါမည်ဟု မိန့်ကြားတော် မူပြီးလျှင် ကောင်းကင်ယံ အာကာလမ်းက ပြန်လည်ကြွမြန်းတော် မူလေ၏။

(ဗိုလ်တထောင်စေတီ မဟာသမိုင်းတော် ကြီး၌ အပြည့်အစုံ ပါ၏။)

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

အရှင်ဂဝံပတိမထေရ်လည်း ပဋိညာဉ်ယူသွားသည့်အတိုင်း ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ ဒေသစာရီ လှည့်လည်ဆိုက်ရောက်တော်မူခိုက် ဖြစ်သော မြတ်စွာဘုရားအား—

“သုဝဏ္ဏဘုံ သထုံပြည့်ရှင် ဘုရင်သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းနှင့်တကွ တိုင်းသူ ပြည်သားတို့က

www.dhammaransi.com



ဘုရားရှင် ကြွလာတော်မူရန် ပြင်းပြစွာ ဆန္ဒရှိကြပါကြောင်း” လျှောက်ထားလေရာ၊ သုဝဏ္ဏဘုံ သထုံပြည်ကဲ့သို့ နောင် အနာဂတ်ကာလ၌ ငါဘုရား သာသနာရှည်မြင့်စွာ တည်မည့်အရေးကို မြော်တွေးတော် မူပြီးလျှင် တရုတ်ပြည် မာလတမြို့၊ လောပြည် သောက္ကဒါမြို့၊ ထားဝယ်မြို့ စသော ရာမညတိုင်း မွန်တလိုင်းတို့၏ အရပ်ဒေသများသို့ လှည့်လည်တော်မူပြီးလျှင် မဟာသက္ကရာဇ် (၁၁၁) ခု ဟောမန္တဥတု တန်ဆောင်မုန်းမာသ ဆောင်းလအတွင်း၌ နောက်ပါသံဃာ (၅၀၀) တို့နှင့်တကွ သုဝဏ္ဏဘုမိအရပ် ဇင်းကျိုက်တောင်၏ မြောက်ဘက် ခရီး(၇) တိုင်ခန့်အကွာရှိ သုဓမ္မဝတီခေါ် ယခု သထုံမြို့သို့ ဒေသစာရီ ကြွချီတော်မူ၏။

(သံဃာတော် ၂၀၀၀၀-နှင့် တကွ သထုံပြည်သို့ တိုက်ရိုက် ကြွသာတော်မူကြောင်း ကလျာဏီကျောက်စာနှင့် အချို့သမိုင်းတို့၌ ဆိုကြကုန်သေး၏။)

## ကျွတ်တမ်းဝင်ကြပုံ

သထုံပြည်သို့ ဘုရားရှင် ကြွရောက်တော်မူလာပြီးလျှင် မြို့နှင့် မနီးမဝေးသောအရပ်၌ (သကာတင့်ရေးနှင့် တူသည့် သိင်္ဂနိက် မြသပိတ်တောင်ထွတ်၌ အချို့မူ) ဆောက်လုပ်ထားအပ်သော ရတနာမဏ္ဍပ်အတွင်းဝယ် နေမင်းကဲ့သို့ တင့်

www.dhammaransi.com



တယ်စ္ဆ သီတင်းသုံးတော်မူလျက် ရသေ့ကြီးများနှင့် မင်းကြီး ကို အမှူးထားပြီး ရောက်လာကြသော တိုင်းသူ ပြည်သားတို့အား (၇)ရက်ပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏၊ တရားနာ ပရိသတ်တို့လည်း သရဏဂုံ သီလ စသော သုစရိုက်တရားတို့၌ တည်ကြကုန်၏။

## ရသေ့ ၆-ဦးတို့အား ဆံတော် ၁-ဆူစီ ပေးတော်မူခြင်း

ထိုစဉ်အခါက ဘုရားရှင်အထံတော်သို့ အလျင်အမြန် ရောက်လာကြသော အကြီးအမှူး ရသေ့ကြီး(၆)ဦးတို့က ကိုးကွယ်ရန် ကိုယ်တော်စား ပေးသနားတော်မူပါမည့် အကြောင်း လျှောက်တောင်းပန်ကြသဖြင့် ဘုရားရှင်သည် ညာလက်ရုံးတော်ကို ဆန့်တန်းတော်မူ၍ ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ပါလာသော ဆံတော်(၆)ဆူကို ရသေ့ကြီး (၆)ဦးတို့အား အသီးသီး ပေးသနားတော်မူ၏။

## ရသေ့ကြီး ၆-ဦးတို့ကား

၁။ ဂစ္ဆဂိရိ(ဂဇ္ဇဂိရိ)ဇင်းကျိုက်တောင်နေ-တိဿရသေ့၊

၂။ ဗန္ဓဝဂိရိ (ဗဒ္ဓဂိရိ)ဇွဲကပင်တောင်နေ-သီဟရသေ့၊

၃။ မဏိအဇ္ဈတ္တဂိရိ (ဒိုးကမော့ခတုံ့ဂလိုင်)ကျိုက်ထီးရိုးတောင်နေ-ဗုဒ္ဓဉာဏတိဿရသေ့၊

၄။ ဒိုးခလွန်း-ကေလာသတောင်နေ-တိလရသေ့၊

www.dhammaransi.com



၅။ သီရိပဗ္ဗတ (ဒိုးကုသိနာချုံ) ဘီးလင်းကုသိနာရုံတောင်နေ -ဒိဗ္ဗစက္ခုအဘယရသေ့၊

၆။ နာဂပဗ္ဗတ-မဲလုံတောင်နေ မဲလုံရသေ့ — အားဖြင့် (၆) ဦးတို့ ဖြစ်ကြကုန်၏။

(အကျယ်ကို ဗိုလ်တထောင်စေတီမဟာသမိုင်းတော်ကြီး၌ ရှုပါကုန်။)

## မင်းကြီးအား ဆံတော် ပေးတော်မမူသေးပုံ

ဤသို့ ရသေ့ (၆) ဦးတို့အား ဆံတော်များ အသီးသီး ပေးသနားတော်မူသောအခါ သီရိမာ သောကတိဿ ဓမ္မသီဟရာဇာမင်းကြီးကလည်း ကိုးကွယ်ပူဇော်ရန် မိမိအားလည်း ဆံတော်ပေးသနားတော်မူပါရန်တောင်းပန်လျှောက်ထားလေရာ၊ ပေးသနားချိန် မရောက်သေး၍ မြတ်စွာဘုရားက——

"အသင်မင်းကြီး ဆံတော်ကို ယခုအခါ မတောင့်တလေလင့်ဦး၊ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူလျှင် စန္ဒကူးထင်းပုံအကြားမှ (၃၃) ဆူသော သွားတော်ဓာတ်မြတ်တို့ကို ဂဝံပတိ ရဟန္တာ ပင့်ဆောင်၍ သင်မင်းကြီးအား ပေးလိမ့်လတ္တံ့"—

ဟု မိန့်ကြားတော်မူပြီးလျှင် မင်းကြီးအား ဆံတော်ဓာတ်ပေးတော်မမူသေးဘဲ နေတော်မူ၏။

www.dhammaransi.com



## အခြားပုဂ္ဂိုလ်များလည်း ဆံတော်ရကြပုံ

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြီးအမှူးဖြစ်ကြသောရသေ့ (၆)ဦးတို့အား ဆံတော်များကို အသီးသီး တဆူစီပေးအပ်တော်မူပြီးနောက်၊ အခြားပုဂ္ဂိုလ် (၉)ဦးတို့ကလည်း ဆံတော်များရရန် တောင်းခံကြပြန်ရာ ၎င်းပုဂ္ဂိုလ် (၉)ဦး တို့အားလည်း အသီးသီးဆံတော်တဆူစီကို ပေးသနားတော်မူပြန်၏။ ဆံတော်ရရှိကြသော ရသေ့များမှာ—

၁။ သီဟဒီပကျွန်း- ဥတ္တရဂ်တောင်နေ -ဣသိဝက်တိဿခေါ် - ရသေ့ခေါက်၊

၂။ ဆောင်ခဲတောင်- ယခု ကျိုက်တဲကုန်းတောင်နေ- အလ္လကပ္ပရသေ့၊

၃။ ဒိုးယွန်းတောင်- ယခု ကျိုက်ဒေးယျုံ-ကညင်တောင်နေ - ဒိုးယွန်းရသေ့၊

၄။ ကျိုက်ခမီတောင်- ယခု တောင်ဝိုင်းနေ- ကျိုက်ခမီရသေ့၊

၅။ မွတ်လအိတောင်နေ- ကပ္ပရသေ့၊

၆။ မွတ်လအပ်တောင်နေ- နာရဒရသေ့၊

၇။ ဝါဂရူ လမိုင်း ကေလာသတောင်နေ- ကေလာသရသေ့၊

၈။ သဃ်သ နဂရ- မထော် သူကြွယ်၊

www.dhammaransi.com



၉။ ကော့ယက္ခ ဇုတ်သုတ်ကျွန်း- နတ်ဘီလူးညီနောင်တို့ ဖြစ်ကြကုန်၏။

(အကျယ်ကို ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး၌ ရှုပါကုန်။)

## မင်းကြီးအား ဆံတော် ၂-ဆူ ပေးတော်မူခြင်း

ဤသို့ ဒုတိယအကြိမ် ပုဂ္ဂိုလ်(၉)ဦးတို့အား အသီးသီး ဆံတော်များ ပေးသနားတော်မူသောအခါ သီရိမာသောကတိဿ ဓမ္မ သီဟရာဇာမင်းကြီးက မြတ်စွာဘုရားသည် ယခုတဖန် ပုဂ္ဂိုလ်(၉)ဦးတို့အား ဆံတော်များ ပေးသနားတော်မူပြန်ကုန်ဘိ၏။ နေ့-ညမရွေး ငါ၌ သေဘေး ရှိ၏၊ (၃၃)ဆူသော သွားတော်များ မရသေးမီ ဆံတော်ကို ပူဇော်ရန် ငါလည်း တောင်းပန်မှ သင့်လျော်တော့မည်ဟု ကြံစည် တွေးတောပြီးလျှင် ဆံတော် ပေးသနားပါရန် တောင်းခံ လျှောက်ထားလေ၏၊ ဘုရားရှင်ကလည်း ပေးချိန်တန်ပြီဟု မင်းကြီးအား ဆံတော်(၂)ဆူ ပေးသနားတော်မူပြန်၏။

အခြား ပုဂ္ဂိုလ်တို့အား ဆံတော်တဆူစီသာ ပေးတော်မူပြီးလျှင် သီရိမာသောကတိဿ ဓမ္မ သီဟ ရာဇာမင်းကြီးအား ဆံတော်(၂)ဆူ ပေးသနားတော်မူခြင်းသည် မြတ်စွာဘုရားကို ပင့်ပေးပါရန် အရှင်ဂဝံပတိအား လျှောက်ထား

www.dhammaransi.com



တောင်းပန်ကြသော ပုဂ္ဂိုလ်တို့တွင် မင်းကြီးသည် ပဓာန ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဆံတော်(၂)ဆူ ပေးတော်မူခဲ့ခြင်း ဖြစ်၏ဟု ယူဆနိုင်၏။

## ကျောက်စာနှင့် ညှိခြင်း

သီရိမာသောကရာဇာပိ ကေသဓာတုံ ဘဂဝန္တ-
မာယာစိ၊ ဘဂဝါ နိဝါရေသိ။ အလံ မဟာရာဇ
ကေသဓာတုယာ။ပ။ ကေသဓာတုံ နာဒါသိ။

သီရိမာသောကမင်းလည်း ဆံတော်ကို မြတ်စွာဘုရား ထံ တောင်း၏၊ မင်းကြီး ဆံတော်ဓာတ်ဖြင့် မသင့်သေးဟု တားမြစ်တော်မူပြီး။ပ။ ဆံတော် ပေးတော်မမူ——

ဟု လာသော ကလျာဏီ ကျောက်စာ အလားတူ လာသော မောဓော ကျောက်စာ စကားတို့ကား ရသေ့ကြီး ၆-ဦးတို့အား ပဌမအသုတ် ဆံတော်ပေးစဉ်က မင်းကြီးအား ပေးတော်မမူသေးသည်ကို ရည်ရွယ်၍ မိန့်ဆိုသည်ဟု ယူလျှင် မင်းကြီးအား ဆံတော်(၂)ဆူ ပေးတော်မူခဲ့သည်ဟု လာသော မွန်ရာဇဝင်နှင့် စေတီတော် သမိုင်း ပေါင်းချုပ် (၂၃)။ သထုံ ရာဇဝင်ပေါင်းချုပ် ကျမ်းကြီး(၆၃)။ ပဲခူးရွှေမော်ဓောသမိုင်း ရာဇဝင်ချုပ် မူဟောင်း(၂၃)။ ကျိုက်ဒေးယျံ စေတီတော်သမိုင်းနှင့် ၁၅-ဆူ ဆံတော်ရှင် သမိုင်း

(ဂ)။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)စာမျက်နှာ (၇၅) စသည်တို့နှင့် မဆန့်ကျင်တော့ပေ။

## ဗိုလ်တထောင်စေတီ ဒုတိယဆံတော်

ဤသို့ သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းကြီး ရရှိလိုက်သော ဆံတော်(၂)ဆူအနက်၊ (၁)ဆူကို သိင်္ဂနိက်တောင်ခေါ် ယခု မြသပိတ်တောင်၊ မြသပိတ်စေတီတော်၏ မြောက်ဘက်၌ စေတီတည်၍ ဌာပနာ၏၊ ယခု မည်သည့်နေရာ မည်သည့်စေတီဟု မသိကြတော့ပြီ၊ ကျန်ဆံတော်(၁)ဆူကို သူရသေန အမတ်ကြီးအား အပ်နှင်းပြီးလျှင် သင့်လျော်မည့်နေရာ၌ စေတီတော်တည်စေရာ အမတ်ကြီးက အထိကရ ဖြစ်သော သိင်္ဂုတ္တရကုန်းတော် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ထောင့် ယွန်းယောင်းတာ (၁၀၀၀)ခန့် အကွာရှိ ဆံတော် (ဂ)ဆူ ရှေးဦးစွာ (၆)လတိုင်တိုင် ကိန်းဝပ်ရပ်နား စံပယ်တော်မူရာဌာန၌ တပုဿဆံတော်(၁)ဆူ ဌာပနာ၍ တည်ထားသော ရှေးအခေါ် ကျိုက်ပါ၊ ယခုအခေါ် ဗိုလ်တထောင်စေတီတော်၌ ဌာပနာ၍ စေတီတော်ကိုလည်း ထပ်မံပြုပြင်ပြန်၏။

ဤသို့ ရာဇဝင်-သမိုင်း-စာစောင်များနှင့် ဗိုလ်တထောင်စေတီတော်သမိုင်း လက်ရေးမူ ရှေးစာဟောင်းများ၌ အခိုင်အမာဆိုထားသော စကားရပ်များကို ထောက်ထား၍ ဤ

www.dhammaransi.com



ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်၌—

၁။ တပုဿ ဥပနာသော ဆံတော်ခတ် တဆူ၊

၂။ သူရသေနအမတ်ကြီး ဥပနာသော ဆံတော်ခတ် တဆူ၊

အားဖြင့် ဆံတော်ခတ် (၂)ဆူ ရှိသွားပြီဟု သိရ၏။

## တတိယဆံတော်

၁။ မဏိဒီပကျွန်း
၂။ ခုဒ္ဒဒီပကျွန်း
၃။ တြိယင်္ဂကျွန်း
၄။ တြိဝင်္ကကျွန်း
၅။ သီဟဒီပကျွန်း
၆။ သံလျင်ကျွန်း
၇။ ဥတ္တရင်္ဂကျွန်း
၈။ တညင်ကျွန်း

စသော အမည်တို့ဖြင့် ထင်ရှားသောကျွန်း၌ ဘောဂသေနဘွဲ့ခံ သီဟဒီပမင်းကြီးနှင့် သုဝဏ္ဏဒေဝီ မိဖုရားကြီးတို့ စိုးမိုးအုပ်ချုပ် မင်းလုပ်နေခိုက်တွင်—

## သီဟိုဠ်၌ ရေဘေးသင့်ခြင်း

သီဟိုဠ်ကျွန်းသို့ အရှင် မဟာမဟိန္ဒ၊ အရှင် ဣဋ္ဌိယ၊ အရှင် ဥတ္တိယ, အရှင် ဘဒ္ဒသာလ, အရှင် သမ္ဗလ မထေရ် ငါးပါးတို့ သာသနာပြု ကြွရောက်တော်မူကြပြီးနောက် သုံးနှစ်

www.dhammaransi.com



မြောက် ဖြစ်သော သာသနာတော် (၂၃၇) ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ပင်လယ်ရေ တိုက်စားသဖြင့် အလွန်ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကမ်းပြိုသောဘေးနှင့် တွေ့ကြုံနေရလေ၏။

## ဝေပုလ္လပတ္တမြားရတနာ

သုဝဏ္ဏဘုံ သထုံနယ်မြေ တိုက်ကလာ:မြို့ကို ပင်လယ်ရေ တိုက်စားစဉ်က အသုံးပြုခဲ့ဘူးသော ကမ်းမပြိုစေလိုသည့် နေရာ၌ မြှုပ်ထားက ကမ်းမပြိုတော့ခြင်း၊ ကုန်းပေါ်စေလိုသည့် ရေထဲသို့ ပစ်ချက ကုန်းပေါ်လာစေခြင်း အာနုဘော်ရှိသည့် ဝေပုလ္လပတ္တမြား ရတနာသည် သုဝဏ္ဏဘုံ သထုံနယ်မြေ တိုက်ကလာ:မြို့၌ ရှိကြောင်း ဒေဝါနံ ပိယတိဿမင်းကြီး ကြားသိရသဖြင့် အရှင်ယသ, အရှင်သောဏ,အရှင်သုခိ အမှူးရှိသော ရဟန္တာအရှင်မြတ် (၇)ပါးတို့အား—

၁။ ဆံတော်- ၁၆ ဆူ၊

၂။ ခေါင်းတော်- ၃၂ ဆူ၊

တို့ကို ဓမ္မလက်ဆောင်အဖြစ် အပ်နှင်း၍ ဝေပုလ္လပတ္တမြား ရတနာတောင်းခံရန် လျှောက်ထားသည့်အတိုင်း ရဟန္တာမထေရ်တို့လည်း တိုက်ကလာ:မြို့ ယုဂန္ဓကုမ္ဘာမင်းထံသို့ ကြွရောက် တောင်းခံတော်မူကြကုန်၏။

www.dhammaransi.com



## မဏိဒီပသံလျင်ကျွန်းသို့ ညွှန်ကြားခြင်း

ထိုအခါ ယုဂန္ဓကုမ္ဘာမင်းက "ငှင်း ဝေပုလ္လ ပတ္တမြားရတနာသည် မူလက မဏိဒီပကျွန်းခေါ် သံလျင်က ပိုင်ဆိုင်သော ပတ္တမြားရတနာ ဖြစ်ကြောင်း တိုက်ကလားမြို့ကို ပင်လယ်ရေ တိုက်စားစဉ်က သံလျင်ဘုရင် "မွန်စလိုင်မင်း"ထံသို့ သံတမန် စေလွှတ်ပြီး တောင်းယူသဖြင့် ရခဲ့ဘူးကြောင်း ငှင်းနောက် သားတော် "အသောက" မင်းသား ရေသဘင် ကစားစဉ် ရေတွင်ကျ၍ ပျောက်ဆုံးခဲ့ကြောင်း၊ ငှင်း ပတ္တမြားရတနာ ကျရာနေရာ၌ သောင်ထွန်း၍ ဝက်ကြီးတကောင်က ရရှိပြီးလျှင် ငှင်းဝက်ကြီးထံမှ "အဟိမုခပုဏ္ဏက" မုဆိုးကြီး ရရှိပြန်၏၊ မုဆိုးကြီးက ငှင်းပတ္တမြား ရတနာကို တြိဟကုမ္ဘာ မည်သော ဒဂုံမြို့ သမန္တလေ (သီရိဓမ္မာသောက)မင်းအား ဆက်သပြန်ပါ၏။ သံလျင်မြို့ ကနက္ကရာဇာမင်း လက်ထက် မြို့၏တောင်ဘက်က သမုဒ္ဒရာရေစီးပြင်း၍ ဘုရားပုထိုးများ ပျက်စီးအောင် ကမ်းပြိုရာ ဒဂုံ သမန္တလေမင်းထံမှ ပတ္တမြားရတနာကို တောင်းခံ၍ သံသျင်မြို့၏တောင်ဘက်၌ ဘုရား ဌပနာတိုက်သွင်းယ် ပြု၍ မြှုပ်နှံထားပါ၏၊ ထိုကြောင့် ငှင်းပတ္တမြားရတနာသည် ယခုအခါ မဏိဒီပကျွန်း(သံသျင်)သို့ ပြန်လည်ရောက်ရှိနေပါကြောင်း၊ ယခု အုပ်စိုးလျက်ရှိသော "ဘောဂသေန"

www.dhammaransi.com



သံလျင်မင်းထံ ကြွရောက် မေတ္တာရပ်ခံတော်မူပါ ဟု လျှောက်ထားလေ၏။

## ဆံတော် ဓာတ်တော် ပေးအပ်ခြင်း

ထိုအခါ ရဟန္တာ (၈) ပါးတို့လည်း မဏ္ဍိဒီပကျွန်း (သံလျင်) သို့ ကြွရောက်တော်မူကြပြီးလျှင် ဒေဝါနံပိယ တိဿမင်းကြီး အပ်နှင်းလိုက်သည့် ဓမ္မလက်ဆောင်တော် ဖြစ်သော ဆံတော် ဓာတ်တော်များကို ဘောဂသေန မင်းကြီးအား အပ်နှင်းကြကာ အကြောင်းစုံကို မိန့်ကြား တော်မူကြကုန်၏၊ ဘောဂသေနမင်းကြီးလည်း ဆံတော် ဓာတ်တော်များကို ရသဖြင့် အတိုင်းမသိ ဝမ်းမြောက် တော်မူလှသဖြင့် ရင်းဝေပုလ္လပတ္တမြား ရတနာကို ရဟန္တာ အရှင်မြတ်တို့ထံ အပ်နှံတော်မူလိုက်လေ၏။

## ရဟန္တာများ သံလျင်သို့ သာသနာပြုကြွခြင်း

ဘောဂသေနမင်းကြီးလည်း ရဟန္တာအရှင်မြတ်တို့အား မဏ္ဍိဒီပကျွန်း (သံလျင်)သို့ တဖန် ပြန်လည် ကြွရောက် တော်မူပြီး သာသနာပြုရန် လျှောက်ထားလိုက်သည့် အ တိုင်း ရဟန္တာအရှင်မြတ် (၈)ပါးတို့လည်း သီဟိုဠ်ကျွန်း သို့ ပတ္တမြားရတနာ ပို့ဆောင်ပြီးနောက် မဏ္ဍိဒီပကျွန်း (သံလျင်)သို့ ပြန်လည်ကြွမြန်းတော် မူလာကြကုန်၏။

www.dhammaransi.com



သီဟဒီပမင်းကြီးလည်း ရင်းဆံတော်- ခတ်တော်များကို ရဟန္တာ (၈)ပါးနှင့် တိုင်ပင်ပြီးလျှင်—

၁။ စေတီတော်(၁၁)ဆူ တည်ခြင်း၊

၂။ သိမ်တော်ကြီး (၉)လုံး သမုတ်ခြင်း—

တို့ကို ပြု၍ သာသနာတော်အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူ၏။

## စေတီတော် ၁၁-ဆူကား

၁။ ကျိုက်ကစံစေတီ၊

၂။ ကျိုက်အသုဘ်စေတီ၊

၃။ ကျိုက်မဲသံကရောစေတီ၊

၄။ ကျိုက်ကမာကမုစေတီ၊

၅။ ကျိုက်ကမာစိန်စေတီ၊

၆။ ကျိုက်ဒေးတဲ့စေတီ၊

၇။ ကျိုက်ဇွဲကမော့စေတီ၊

၈။ ကျိုက်ဒင်းမဲစေတီ၊

၉။ ကျိုက်ခပေါက်စန္ဒတ်စေတီ၊

www.dhammaransi.com



၁၀။ ကျိုက်ခပေါက်ဆွတ်စေတီ၊

၁၁။ ကျိုက်ဒေးအပ်စေတီ——

တို့ ဖြစ်ကုန်၏၊ ၎င်းစေတီတော်တို့အနက် သက်ဆိုင်ရာ ဗိုလ်တထောင်စေတီတော်၏ သမိုင်းတော်ကိုသာ ဤနေရာ၌ ဖော်ပြပါအံ့။

(အကျယ်ကို ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး၌ ရှုပါကုန်။)

## ဗိုလ်တထောင်စေတီတော်

ဤသို့ သံလျှင်ဘောဂသေနမင်းကြီးသည် ရဟန္တာ (၈) ပါးနှင့် တိုင်ပင်၍ စေတီတော်(၁၁)ဆူ တည်ရာဝယ် အမတ်သူရဲကောင်းကြီး အသီးသီးတို့အား တာဝန် ပေးအပ်၍ တည်စေ၏။ ဤသို့ တည်စေရာ၌ ဗိုလ်တထောင် စေတီတော်အတွက် မဟာမစ္စသေနာပတိ သူရဲကောင်း အမတ်ကြီးအား ၎င်း၏ ဆရာတော် ကျောင်းကုန်း-ရဟန်း ခေါ် ပုဂ္ဂိုလ်ကျော်နှင့် တိုင်ပင်၍ တည်စေရာ——

၁။ တပုဿ ဥပနာသော ပဌမဆံတော်တဆူ၊

၂။ ဘလ္လိက ဥပနာသော ဒုတိယဆံတော်တဆူ၊

ဤသို့ ဆံတော်နှစ်ဆူ ကိန်းဝပ်တော်မူရာ ဌာနဖြစ်သော

www.dhammaransi.com



ကျိုက်ဒေးအပ် စေတီတော်၌ပင် ဆံတော်တဆူနှင့် ဓာတ်တော်များ ထပ်မံ ဌာပနာပြီးလျှင် စေတီတော်ကိုလည်း အသစ်တဖန် မွမ်းမံ ပြင်ဆင်ပြန်၏။

(တတိယဆံတော်ကို ဌာပနာ၍ ပြန်လည် မွမ်းမံသော နှစ်ကို မြန်မာ သက္ကရာဇ် (၃၅၉)ခုနှစ်ဟု သုံးတိုင်း ရာဇဝင်ချုပ်ကျမ်း (၁၉၇)၌ ဆို၏။)

ပြီးပါပြီ။

၁၃၃၃-ခုနှစ်-တန်ဆောင်မုန်း လဆန်း ၁-ရက်။
(၁၉-၁၀-၇၁)အင်္ဂါနေ့။

ဦးပညာသာမိ
ဘုံပျံဆရာတော်-ကျောင်းကြီးတိုက်
ကြည့်မြင်တိုင်-ရန်ကုန်မြို့။

www.dhammaransi.com

## ညွှန်ကြားချက်

ဤ ဗိုလ်တထောင် စေတီတော် သမိုင်း အကျဉ်း၌ အပြည့်အစုံ မဖော်ပြနိုင်ပါ၊ အကျယ် အပြည့်အစုံကို သိလိုလျှင် အောက်ပါ အချက်အလက်တို့ကို အပြည့်အစုံ ဖော်ပြထားသော ဗိုလ်တထောင် စေတီ မဟာ သမိုင်းတော်ကြီးကို ကြည့်ရှုကြပါကုန်။

၁။ မယ်ကမုခေါ် မယ်လမု
၂။ ပေါလခေါ် ဥက္ကလာဘ
၃။ ကောဓကျွန်းခေါ် ကပင့်
၄။ သကာလဲခေါ် သုဝဏ္ဏသူဌေး
၅။ သတာပံခေါ် သူဌေးကတော်
၆။ တပု-တပေါခေါ် တပုဿ-ဘလ္လိက
၇။ ပျားမုံ့ဆုပ် - မုံ့ကြွက်ကျစ်လုပ်ပုံ
၈။ အဋ္ဌတ္တနဂရမြို့ ယခု အဘယ်မှာလဲ
၉။ ရခိုင်ဆံတော်ရှင်စေတီ အကျယ်
၁၀။ ရခိုင်မဟာမုနိနှင့် မန္တလေး မဟာမုနိ
၁၁။ ရခိုင်ပြည်ဟု ခေါ်ဆိုပုံအကြောင်း
၁၂။ အင်း ၆၀ - စစ်တွေ-အက်ကျပ်ဘ် မည်ပုံ
၁၃။ ကိုယ်တိုင် ဖူးခဲ့ရသော 'ဘုရားပေါ်'ဘုရား
၁၄။ မော်တင်စွန်း ဇေယျသေန နဂါးခိုးယူပုံ

www.dhammaransi.com



၁၅။ ဝင်းဆံတော် ယခု အဘယ်မှာ ရှိသည်
၁၆။ တံခွန်တေးနှင့် ကပင့်ခေါ်ပုံ
၁၇။ ကွမ်းခြံကုန်း တံခွန်တေးကြား ဆံတော်ကြို စေတီ (၉)ဆူ
၁၈။ ဒဂုံ - ရန်ကုန် မည်ပုံ
၁၉။ ငါးမည်ရ ပြည်ရွှေဘို အကျယ်
၂၀။ အလောင်းမင်းတရားဟု အမည်ရပုံ
၂၁။ မဟာပိန္နဲခေါ် ကျိုက်ပါစေတီ
၂၂။ ဒွတ္တဘောင်မင်း မဟာပိန္နဲမှ ဆံတော် ပင့်ပုံ
၂၃။ ပြည်ဆံတော် မြသီတင် မည်ပုံ
၂၄။ မဟာပိန္နဲခေါ် စန္ဒီမယ်တော်
၂၅။ ဒွတ္တဘောင် မင်းကြီး၏ နဝင်းကြေ (၉)ဆူ
၂၆။ မြသပိတ်စေတီနှင့် မလွန်မြို့ မည်ပုံ
၂၇။ မြန်မာ- ပြူ - ကမ်းယံ စတင် ဖြစ်ပုံ
၂၈။ မြတ်စွာဘုရား၏ သီသခတ်တော် (၇)မျိုး
၂၉။ ဒွတ္တဘောင်မင်း ကျော်(၉)ဆူ
၃၀။ သိမ်(၉)လုံး - ကန်(၉)ကန် - ဥမင်(၉)ခု
၃၁။ တောင်ရိုး(၉)လုံး - ကုန်း(၉)ကုန်း
၃၂။ ဌာနနှင့်တကွ ဘုရားစာရင်း အပြည့်အစုံ
၃၃။ ဆံတော်(၄)ဆူ ဥဿာသို့ ပင့်ယူခြင်း
၃၄။ မင်္ဂလာဒုံ - ကျိုက်ကလို - ကျိုက်ကလဲ့ မည်ပုံ
၃၅။ သုံ့ - သုံ့ပန်း - သုံ့ရ အထူး

www.dhammaransi.com



၃၆။ ပန်း(၁၀)မျိုး အပြည့်အစုံ
၃၇။ အနော်ရထာ၏ သူရဲကောင်း (၄)ဦး
၃၈။ ပုဂံ၌ မဟာပိန္နဲ ဆံတော်ရှင် တည်ခြင်း
၃၉။ အနော်ရထာ၏ အမည်ရင်း
၄၀။ ဓမ္မစေတီ ကျောက်စာ
၄၁။ ဒိုးဟနမှ ဒေါနတောင် ဖြစ်ပုံ
၄၂။ သုဓမ္မဝတီ - သုဝဏ္ဏဘူမိ - သုဘိန္န မည်ပုံ
၄၃။ မွန်တိုင်းသို့ ရသေ့အသွင် စတင် ရောက်ပုံ
၄၄။ မွန်ဖြစ်လာပုံ အမျိုးမျိုး
၄၅။ ရာမညဖြစ်လာပုံ အမျိုးမျိုး
၄၆။ မုတ္တမ - မဒမ ခေါ်ပုံ
၄၇။ တလိုင်း ဖြစ်လာပုံ
၄၈။ ပုသိမ်ဖြစ်ပုံနှင့်၊ ပုသိမ်(၃၂)မြို့
၄၉။ ဥက္ကလာပနှင့် ဟံသာဝတီ(၃၂)မြို့
၅၀။ သထုံ ဖြစ်လာပုံ
၅၁။ ကျိုက်ထီးရိုး - ကျီးကန်းပစပ် ဖြစ်ပုံ
၅၂။ မဲ(၁၂)မဲ - ဒိုး(၁၂)ဒိုး
၅၃။ ကရင်လူမျိုး ဖြစ်ပေါ်လာပုံ
၅၄။ ဒွတ္တဘောင်နှင့် ဒွတ္တပေါင်
၅၅။ ဗန်ကောက်မြို့နှင့် မြဆင်းတုအစ'
၅၆။ ထားဝယ် - ကွမ်ထားတော် - မြဝတီ
၅၇။ ဟရိဘုဥ္ဇ - လင်းပွန်း - လဘုန်း

www.dhammaransi.com



၅၈။ ကြွင်းမိုင်း မင်းသားများ ဆံတော် ဘုရားတည်ကြပုံ
၅၉။ ကောဒသ စေတီနှင့် ကျိုက်ခမီ
၆၀။ ဆင်ပုန်းဂူ - ဆင်ချေးတုံး စေတီ
၆၁။ ဒသမမှ ဒမသ ဖြစ်လာပုံ
၆၂။ မော်လမြိုင် ဖြစ်လာပုံ အမျိုးမျိုး
၆၃။ ရှင်မုဋ္ဌိုး-ကျိုက်ခမီ-ကျိုက်ပေါလော
၆၄။ ဆံတော်ရကြသော ရသေ့များ
၆၅။ ဇင်းကျိုက်-ဇွဲကပင်-ကျိုက်ထီးရိုး မည်ပုံ
၆၆။ ဒိုးခလွန်းနှင့် ကေလာသစေတီတော်
၆၇။ ဘီးလင်း ကုသိနာရုံ စေတီတော်
၆၈။ မဲလံတောင်စေတီနှင့် နာဂပဗ္ဗတခေါ်ပုံ
၆၉။ သထုံမင်း ဆံတော်(၂)ဆူ ရရှိပုံ
၇၀။ သထုံမင်း ဆံတော် ရ-မရ ရှင်းပြချက်
၇၁။ ဗိုလ်တထောင် စေတီ၌ ဒုတိယအကြိမ် ဆံတော်ဌာပနာခြင်း
၇၂။ စီရုံဌာတုမှ ရွှေစာရုံဘုရား ဖြစ်ပုံ
၇၃။ မြသပိတ်-သာရကလျာနီ+ စံသီး - နန်းတော်ဦးစေတီ
၇၄။ ဆံတော်ရကြသော အခြားပုဂ္ဂိုလ်(၉)ဦး
၇၅။ ကျိုက်ခေါက်+ကျိုက်ကစံ စေတီတော်

www.dhammaransi.com



၇၆။ ဆောင်ခဲ-(ကျိုက်တဲကုန်း)ဒိုးယွန်း-ကျိုက်ခမီ
၇၇။ ကျိုက်မွတ်လအိ - ကျိုက်မွတ်လပ် စေတီ
၇၈။ ဝါဂရုလမိုင်း ကေလာသစေတီ
၇၉။ ကျိုက်ကေသာရနှင့် ကေလာသ
၈၀။ မွန်ရာဇဝင် ခဲယဉ်းစွာရှာဖွေရပုံ
၈၁။ ကျိုက်ကလွတ်ဒက် - ကျိုက်ဇုတ်သွတ် စေတီ
၈၂။ ထီးဆောင်းဘုရား၊ ထီးစောင်း ဘုရား
၈၃။ သွားတော်(၃၃)ဆူ ပေးတော်မူပုံ
၈၄။ မြသပိတ်တောင် ဆံတော် စေတီဟောင်း
၈၅။ သုဝဏ္ဏရာဇာ မဟာဓမ္မဓဇနှင့် သွားတော် အင်္ကုရ
၈၆။ ရာဇ သံဝေ မင်းသား ညီနောင်
၈၇။ အင်္ကုရမင်း အဘသတ်ခြင်း
၈၈။ နတ်ပြည်စံ-နတ်ရွာစံ-ကံတော်ကုန် အထူး
၈၉။ အင်္ကုရမင်း ဘုရားစေတီ ဖျက်ခြင်း
၉၀။ သထုံပြည် ဘေးဆိုးဆိုက်ရောက် ပျက်စီးခြင်း
၉၁။ ပစ္စက္ခ မျက်မှောက်ဒဏ် ခံရပုံ
၉၂။ ခင်ပွန်းကြီး(၁၀)ပါးနှင့်၊ ဒဏ်(၁၀)ပါး
၉၃။ ဆံတော်ရှင်စေတီ ပြန်လည် တည်ထားခြင်း
၉၄။ သွားတော်ခေတ်(၃၃)ဆူ ပေးဝေခြင်း
၉၅။ မော်လမြိုင်နှင့် ကျိုက်သံလံ စေတီ
၉၆။ ဘီလူးကျွန်း မူနန်း စေတီ

www.dhammaransi.com



၉၇။ မူးပွန်နှင့် ကျိုက်မူးပွန် စေတီ
၉၈။ ဇာသပြင်နှင့် ကျိုက်ပိုင်ကြုံ စေတီ
၉၉။ ကျိုက်ကာသာနှင့် ကျိုက်လဝီး စေတီ
၁၀၀။ ဟံသာဝတီ ပဲခူးမြို့ တည်ခြင်း
၁၀၁။ ဒိုဇိုင်းတူမြို့နှင့် ဆံတော်(၂)ဆူ
၁၀၂။ သိမ္မ ံတဲ့ရယ်ဇယ်နှင့် ပ္မ ံမိကသစ်ဌီး
၁၀၃။ ဟံသာဝတီကို ဒိလိမင်း မှတ်သားခြင်း
၁၀၄။ ကုလားမင်းနှင့် အခြင်းများကြခြင်း
၁၀၅။ ရွှေမော်ဓော စေတီ တည်ခြင်း
၁၀၆။ မူးတားမှ မော်ဓော ဖြစ်လာပုံ
၁၀၇။ ပဂိုး-ပဲခိုး-ပဲခူး-ပဲကူး ဖြစ်လာပုံ
၁၀၈။ ဝမ်းပဲကူးမှ ပဲကူး ဖြစ်ပုံ
၁၀၉။ ကဝီးတော်-မယ်ထိုက်ခပီ-ရွှေဖရုံမယ်
၁၁၀။ အပ်သား မင်းသားကို မိနန်းကလိုင် မွေးစား ခြင်း
၁၁၁။ အဗျား၌ ကုလားနှင့် စစ်တိုက်ခြင်း
၁၁၂။ အဗျား(၁၂)ရွာ
၁၁၃။ နေံရော်မှ နံရော ဖြစ်ပုံ
၁၁၄။ နံရမှ နံရောဖြစ်ပုံ
၁၁၅။ ကျိုက်အပ်သား -ကျိုက်လဝီးမှ- ကျိုက်ကသာ ဖြစ်ပုံ
၁၁၆။ စစ်တောင်း ကျိုက်ကလွန်ပွန် စေတီ

www.dhammaransi.com



၁၁၇။ ဒိုဇရစ် ကျိုက်မူးတလင် စေတီ
၁၁၈။ ပဲခူးမြို့ ကျိုက်မူးတား
၁၁၉။ မူးခိုင်ကြီး၊ မူးခိုင်ကလေး စေတီ
၁၂၀။ ကဝမြို့ ကျိုက်ကဝ စေတီ
၁၂၁။ တနည်း သွားတော်စေတီ (၃၃)ဆူ
၁၂၂။ သထုံစေတီဝင်အလို သွားတော်စေတီ (၃၃)ဆူ
၁၂၃။ သုဓမ္မပုရမြို့ တည်ခြင်း
၁၂၄။ ဘုရားဘဏ္ဍာသုံးစားမိ၍ နူနာဖြစ်ပုံ
၁၂၅။ မရိသဘူမိ (မရမ်းကုန်း)မြို့သစ် တည်ခြင်း
၁၂၆။ ဟာရိ သရ ဘူမိမြို့တည်ပြန်ခြင်း
၁၂၇။ မယုံ၍ စေတီဖျက်ပြီး ဆံတော်ရှာပုံ
၁၂၈။ ကျိုက်ပတဲမှ ကျိုက်တဲ ဖြစ်ပုံ
၁၂၉။ တိုက်ကလားမြို့ဟောင်း
၁၃၀။ သုဓမ္မဝတီခေါ် တိုက်ကလားမြို့သစ်
၁၃၁။ ကလျာဏီကျောက်စာ အလို တိုက်ကလား
၁၃၂။ သထုံရာဇဝင်ပေါင်းချုပ်အလို တိုက်ကလား
၁၃၃။ အရှင်သောဏ, ဥတ္တရတို့ ကြွရောက်ခြင်း
၁၃၄။ မနုဿီဟာ ပျံ့နှံ့လာပုံ
၁၃၅။ မြို့ရာရှာဖွေရန် ထွက်ခွါသွားကြခြင်း
၁၃၆။ ဗါဒမြို့၏ နယ်နိမိတ်
၁၃၇။ တိဿဘောဂသေန နန်းတက်ခြင်း
၁၃၈။ ဆပဒမှ ဆပဂံ ဖြစ်ပုံ

www.dhammaransi.com




၁၃၉။ ဆပဒအမည်ရ ပုဂ္ဂိုလ်များ

၁၄၀။ ဒလှဲ - တလမှ ဒလ ဖြစ်လာပုံ

၁၄၁။ ယခု ဒလကို ရှေးက မိုင်းသူဟု ခေါ်ပုံ

၁၄၂။ ပတ်လတ်မှ ပုလဲ ဖြစ်လာပုံ

၁၄၃။ ဇေင်္ကာကြီး - ဇေင်္ကာငယ် ခြားနားပုံ

၁၄၄။ ဘောဂသေနမင်း ခေါ် ရသေ့ခေါက်

၁၄၅။ တြိယင်္ဂမြို့ကို သံလျင် ခေါ်ဆိုခြင်း

၁၄၆။ ပါဒမြို့ကြီး ပျက်စီးပုံ

၁၄၇။ မောင်သံလျင် နရိန္ဒမင်းကို လုပ်ကြံခြင်း

၁၄၈။ သံလျင်ကျွန်း၏အမည်များ

၁၄၉။ မောင်သံလျင် လုပ်ကြံခံရခြင်း

၁၅၀။ သီဟရာဇာမင်း ကြမ်းကြုတ်ပုံ

၁၅၁။ အဒွတ္တောရွာသူ မိစောနွတ်ကို မင်းက တောင်းခြင်း

၁၅၂။ ထော်ပံနှင့် ဆေးလုံးကြီးမှ တမာထော် ပြေးကြပုံ

၁၅၃။ စောနွတ်သေပြီး ကန်စောင့်နတ်သမီး ဖြစ်ပုံ

၁၅၄။ ဇေယျသေနမင်း နန်းတက်ခြင်း

၁၅၅။ မိဖုရား နေဝ်ဖောတလဲမှ မွေ့နွန်းမွေးဖွားခြင်း

၁၅၆။ မွေ့နွန်း မည်ခြင်းအကြောင်း

၁၅၇။ သီဟိုဠ်၌ ကမ်းပြိုဘေးသင့်ခြင်း

၁၅၈။ ဝေပုလ္လပတ္တမြား ရတနာတောင်းရန် လာခြင်း

www.dhammaransi.com



၁၅၉။ တမန်-တံဆေး-သို့ သေး-သံ-မင်းစေ အထူး
၁၆၀။ ဆံတော်နှင့် ဓာတ်တော်များ ပေးအပ်ခြင်း
၁၆၁။ စေတီ(၁၁)ဆူ၊ သိမ်တော်(၉)လုံး
၁၆၂။ ကျိုက်ကစံ ဒုတိယဆံတော် ဌာပနာပုံ
၁၆၃။ ဆူးလေစေတီ မည်ပုံ အမျိုးမျိုး
၁၆၄။ ကျိုက်မဲသံကရော(သိမ်ကြီးဈေး)စေတီ
၁၆၅။ ကျိုက်မဲသံကရောစေတီ တပ်ကလေးရွာဘက် လဲကျပုံ
၁၆၆။ ဓာတ်တော်များ ဆူးလေစေတီပြောင်းပုံ
၁၆၇။ ဆူးလေဘုရား သိသိအဖျက်မခံရပုံ
၁၆၈။ ယခုလက်ရှိ ဆူးလေရိယာ
၁၆၉။ နတ်ကတော် မရေးနှင့် ဆူးလေနတ်ကြီး
၁၇၀။ ကျိုက်ကမာကမု(စပတ်လမ်း)စေတီ
၁၇၁။ ကျိုက်ကမာစိန်(ဘုရားဖြူ)စေတီ
၁၇၂။ ကျိုက်ဒေးတဲ့(ထောင်မှူးဘုရား)
၁၇၃။ ကျိုက်ဇွဲကမော့(ကူရှင်ကျောင်း)စေတီ
၁၇၄။ ကျိုက်ဒင်းမဲ(ရွှေတိဂုံအနောက်)စေတီ
၁၇၅။ ကျိုက်ခပေါက်စန္ဒတ်(ဝင်ဒါမီယာ)စေတီ
၁၇၆။ ဆံတော်ကိုလမ်း၊ ယခု ဝင်ဒါမီယာ
၁၇၇။ နောင်တော်ကြီးဘုရားနှင့် ဆံတော်တွင်း
၁၇၈။ မုခ်ဦးစေတီ-မုခ်ဦးခြသေ့်များ
၁၇၉။ ကျိုက်ခပေါက်ဆွတ်(အလံပြ)ဘုရား

www.dhammaransi.com



၁၈၀။ ကျိုက်ဒေးအပ် (ဗိုလ်တထောင်) ဘုရား
၁၈၁။ ကျိုက်ဒေးအပ် အမည်ရပုံ
၁၈၂။ ပွန်တာထော်မှ ဗိုလ်တထောင်ဖြစ်ပုံ
၁၈၃။ စေပ်ခေါင်းဆောင်၍ သူပုန်ထခြင်း
၁၈၄။ ဗိုလ်ခြေ (၁၀၀၀) ဖြင့် နှိမ်နင်းခြင်း
၁၈၅။ ဗိုလ်တထောင်ရပ်ကွက် ဖြစ်လာပုံ
၁၈၆။ ဘောဂသေနမင်း ဓာတ်တော်တိုက်ပုံစံ
၁၈၇။ သံလျင်ဘက်ကောင်းမှုတော်များ
၁၈၈။ ရဟန္တာသိမ်တော်ကြီး (၉) လုံး
၁၈၉။ သင်္ကန်းကျွန်း မည်ပုံ
၁၉၀။ ရှင်ယသ (ကျိုက်ကစံ) သိမ်
၁၉၁။ တာမွေမည်ပုံနှင့် ထန်းတပင်သိမ်
၁၉၂။ ဒေဝသာဂရ (သိမ်ဖြူ) သိမ်
၁၉၃။ ဒေဝသာဂရသိမ်ဖြူကျောက်စာ
၁၉၄။ တောင်ဘက်ခြေတော်ရင်း ရဟန္တာသိမ်
၁၉၅။ ရဟန္တာသိမ်တော်ကျောက်စာ
၁၉၆။ ကျားကူးသိမ်နှင့် အနီးတဝိုက်မှတ်သားဘွယ်
၁၉၇။ စကြာဝန်ကြီးဘုရား၊ ယခု စိန်ရောင်ခြည်
၁၉၈။ ကျောင်းတိုက်များနှင့် နန်းတော်
၁၉၉။ အိမ်တော်ရာဘုရားနှင့် နန်းတော်ကုန်း
၂၀၀။ ကျိုက်မဲသံကာရော (သိမ်ကြီးဈေး) သိမ်
၂၀၁။ ရှင်ပင်ရွှေကြိုဘုရားနှင့် ကျောင်းတိုက်

www.dhammaransi.com




၂၀၂။ ရှေးကျောင်းတိုက်ကြီးများနှင့် သောက်တော်တွင်း

၂၀၃။ သရက်တောရတိုက်၊ ယခု သရက်တောတိုက်

၂၀၄။ ခွေးသေဝဘုရား (၃၇)လမ်း ခရေပင်ကုန်းသိမ်

၂၀၅။ ရှော်တန်းနှင့် ကျောက်တံတားလမ်း

၂၀၆။ သစ်ဆိမ့်ပင်-ကွမ်းခြံ-မော်လမြိုင်ကျောင်းတိုက်

၂၀၇။ မဟာပိန္နဲတဝိုက် သာသနာ့အဆောက်အဦများ

၂၀၈။ ရှေးရန်ကုန်နှင့် နောက်ရန်ကုန်

၂၀၉။ ရန်ကုန်လမ်း အမည်သစ်များ

၂၁၀။ အဆင့်ဆင့်ပြောင်းလာသော အချို့လမ်း

၂၁၁။ ရန်ကုန်ရှိ ရှေးရပ်ကွက်ဟောင်းများ

၂၁၂။ ပစ္စန္တတောင်းမှ ပုဇွန်တောင် ဖြစ်ပုံ

၂၁၃။ ကျေ့မန်ဋ္ဌုံးမှ ကြည့်မြင်တိုင် ဖြစ်ပုံ

၂၁၄။ ကမာရေ့မှ ကမာရွတ် ဖြစ်ပုံ

၂၁၅။ ဦးကျော်ရွှေး ဆည်သော ကန်တော်ကြီး

၂၁၆။ ကမာကမု(ကသစ်ပင်ကုန်း)သိမ်

၂၁၇။ ထောင်ကြီးနေရာရှိ ဘုရင်ဥယျာဉ်တော်

၂၁၈။ ကလန်-သံပျင်အထူး

၂၁၉။ သံသျင်စေတီတော်များ ပျက်စီးပုံ

၂၂၀။ ဘား(၉)ဘား ဆရာတော်များ

၂၂၁။ ဘားကရာမှ ဗားကရာ ဖြစ်လာပုံ

၂၂၂။ ဘားမဲ့-ဘားတမော့ဘို့ မင်းနှင့်ထုတ်ခြင်း

www.dhammaransi.com



၂၂၃။ နန္ဒမင်းထံ သိကြားကိုယ်တိုင်လာခြင်း
၂၂၄။ မင်းမကျေနပ်၍ အခြား ဆရာတော်များ ကြွ ကြပုံ
၂၂၅။ ဆယ်ဗဒေါ်ရိဗေရိုဒိဇ္ဇူဇာခေါ် ဇေက်ာ
၂၂၆။ ဇေက်ာ သာသနာ ဖျက်ဆီးပုံ
၂၂၇။ ဇေက်ာ တိုက်ရန် ဘားမဲ့ ဆရာတော် အခါ ပေးခြင်း
၂၂၈။ ကျိုက်တနော်ညုံ၊ ယခု မနုတ်စေတီ
၂၂၉။ တလမယ်၊ ယခု တမလုံဘုရား
၂၃၀။ ကျိုက်ဇွဲပိ၊ ယခု သီဟိုဠ်ဘုရား
၂၃၁။ ကျိုက်ကတွံပေါစေတီ ကျိုက်နံခတွိနော့ပရယ် စေတီ
၂၃၂။ ကျိုက်တပေါ၊ ယခု ပုညစေတီ
၂၃၃။ ကျိုက်တငိုး၊ ယခု ထန်းညိမ်းဘုရား
၂၃၄။ ဇေက်ာနှင့် နတ်သျှင်နောင် ကွပ်မျက်ခြင်း
၂၃၅။ မုဌောဟု ခေါ်ဆိုပုံ
၂၃၆။ အလောင်းစည်သူ၏ မုဌော(၉)ဆူ
၂၃၇။ မုဌော(၉)ဆူ စံပယ်ရာဌာန
၂၃၈။ စကား(၉)ဆူ သိဘင်းသုံးရာဌာန
၂၃၉။ စေတီနှင့် ပထိုး အထူး
၂၄၀။ စည်းခုံ၊ အတွင်းစည်းခုံ၊ အပြင်စည်းခုံ
၂၄၁။ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊လျှောင်းတော်မူ

www.dhammaransi.com



၂၄၂။ ကိုးထပ်ကြီး၊ ဆယ်ထပ်ကြီး
၂၄၃။ ဗုံးခသော ဗိုလ်တထောင်စေတီ
၂၄၄။ ဗိုလ်တထောင်ဝတ္ထုကံ မြေအကျယ်အဝန်း
၂၄၅။ ဘုရားမြေ သိမ်းယူရောင်းစားပုံ
၂၄၆။ ကုဋေချီတန်သော ဘုရားမြေ
၂၄၇။ ဘုရားမြေ ပြန်လည် တောင်းပုံ အကျယ်
၂၄၈။ ဗုံးခ ပြိုကွဲပြီးသော ဗိုလ်တထောင်စေတီ
၂၄၉။ ဗိုလ်တထောင်စေတီ ပြန်လည် တည်ထား[
၂၅၀။ ဆံတော် ဓာတ်တော်များ တွေ့ရှိခြင်း
၂၅၁။ ပိန္နဲတိုင် အကြီးအကျယ် စိုက်ထူခြင်း
၂၅၂။ ထီးဆန်းနှင့် ကျောက်သလင်းစိန်ဖူးတော်
၂၅၃။ လ-လေးလုံး ဌပနာတိုက်နှင့် စေတီပုံတော်
၂၅၄။ ငှက်မြတ်နားတော်၏ လုံခြုံခြင်း
၂၅၅။ ပဌမဆုံး ဂေါပကဘဏ္ဍာတော်ထိန်းများ

**ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး**
**အညွှန်း ပြီး၏။**

www.dhammaransi.com

J
C